ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့ (21-10-2010) (၆၅၅၈)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၇ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း မိုင်တိုင်အမှတ် ၈၀/၃ ကြက်မနှစ်စခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ပြည်-ပေါက်ခေါင်း-တောင်ငူ လမ်းလုပ်ငန်း ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အပိုင်းလိုက် တာဝန်ခွဲဝေဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မုက္ခာရေလှောင်တမံစီမံကိန်းတွင် ရေပိုလွှဲမြောင်းကြီး တူးဖော်ရေးလုပ်ငန်းတစ်နေရာ၌ စက်ယန္တရားကြီးဖြင့် ဆောင်ရွက်နေစဉ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးမြေ ဧက ၁၀၀၀ ခန့် ရေပေးဝေနိုင်မည့် မုက္ခာရေလှောင်တမံ တည်ဆောက်

ပဲခူးရိုးမအနောက်ပိုင်းဒေသများ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း လယ်မြေဧရိယာ ဧက ၁၀၀၀ ခန့်ကို ဆည်ရေ ပေးဝေစိုက်ပျိုးနိုင်ပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် မုက္ခာရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

မုက္ခာချောင်းသည် ပဲခူးရိုးမမှ စီးဆင်းလာပြီး ရိုးသေးသေးချောင်းနှင့် ချောင်းငယ်များစီးဝင်ကြသည်။ မုက္ခာရေလှောင်တမံသည် ကံတင်ဘီးလင်းဆည်နှင့် မင်းလှဆည်အတွင်း ကြားနယ်မြေတွင် တည်ရှိသည်။ အဆိုပါ ဆည်ရေသောက် ဧရိယာများနှင့် တစ်ဆက်တည်း ဖြစ်သွားမည်ဟု သိရှိရသည်။ မုက္ခာရေလှောင်တမံတည်ဆောက်ခြင်း ရည်ရွယ်ချက်သည် မင်းလှမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၁၀၀၀ ခန့်ကို ဆည်ရေ ပေးဝေ စိုက်ပျိုးနိုင်၍ ဒေသနယ်မြေအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဓိကဖြစ်သည်။

တည်နေရာ

မုက္ခာရေလှောင်တမံစီမံကိန်းသည် မင်းလှမြို့နယ်အတွင်းရှိ ဘန့်ကွေးကုန်းကျေးရွာ အထက်တွင် တည်ရှိသည်။ မုက္ခာရေလှောင်တမံစီမံကိန်းသည် ပဲခူးရိုးမအနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

မုက္ခာရေလှောင်တမံသည် အမြင့်ပေ ၈၀နှင့် အလျားပေ ၄၇၀ ရှိ မြေသားတမံ အမျိုးအစား တည်ဆောက်ထားသည်။ ရေသိုလှောင်ပမာဏ ဧက ပေ ၂၄၁၀၀ ခန့်ကို သိုလှောင်ထားရှိပြီး စိုက်ပျိုးမြေ စုစုပေါင်း ဧက ၁၀၀၀ ကို ရေပေးဝေသွားမည်ဖြစ်ပေသည်။

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ရေလွှဲဆည်၊ ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းဒေသ၌ ဆည်အစုအဖွဲ့များတွင် မုက္ခာရေလှောင်တမံပါဝင်လာပေမည်။ ဆည်ရေသောက်စနစ်တွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ခင်မောင်သန်း(စက်မှု)
အဆင်အပြင် - နိုင်လင်းကြည်

မုက္ခာရေလှောင်တမံ ရေပိုလွှဲလုပ်ငန်းတွင် စက်ယန္တရားကြီးများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ကြစဉ်။

ကြေးမုံ The Mirror
၂၁-၁၀-၂၀၁၀
(ကြာသပတေးနေ့)

တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးခြင်းများ ဆက်လက်ထိန်းသိမ်း

မျက်မှောက်အချိန်အခါတွင် နိုင်ငံကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်နေသည်။ ပြည်ထောင်စုတစ်ဝန်း ဒေသအနီးအဝေး နယ်မြေအကြီးအသေး မခွဲခြားဘဲ ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ အထူးသဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်ရေး လုပ်ငန်းများကို ဦးစားပေး ဖော်ဆောင်ပေးလျက်ရှိသည်။

တစ်ချိန်က လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ စသည့် ကျဉ်းမြောင်းသောအတွေးအခေါ်အမြင်များကြောင့် ငြိမ်းချမ်းမှုမရှိခဲ့သော ဒေသများပင် ယခုအခါ တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီ။ ဒေသတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ငြိမ်းချမ်းရေး၏ ရလဒ်ကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ဒေသခံပြည်သူများ မျှဝေခံစား ရရှိနေကြပေပြီ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်တွင် ရထားလမ်းသစ်များ ဖောက်လုပ်နေသည်။ သီပေါ-လဲချား-နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ သီပေါ-လဲချားလမ်းပိုင်း မြေသားလမ်းများ လုပ်ကိုင်နေပြီ။ မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းသည် ခရီးမိုင်ပေါင်း ၄၀၀ ကျော် ရှည်လျားမည်ဖြစ်သည်။ ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူလာမည်ဖြစ်သည်။

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး မော်တော်ကားလမ်းကို လမ်းသားတိုးချဲ့ဆောင်ရွက်နေသည်။ သီပေါ- ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ တာမိုးညဲ၊ သိန်နီ ဒေသတို့၌ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားပြီ။ ကုန်သွယ်စီးပွားနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်နေသည်။ အခြေခံကောင်းများကို အသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။

နိုင်ငံအတွင်း၌ သဘာဝသယံဇာတ အရင်းအမြစ်များ ရှိသည်။ လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ဒေသအလိုက် အခြေအနေကောင်း၊ အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

နိုင်ငံအတွင်း၌ ပြည်ထောင်စုတိုင်းရင်းသားများ ပေါင်းစည်းယှက်နွယ်နေထိုင်ကြသည်။ သွေးရင်းသားချင်း တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ထားရှိ၍ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်ကြရပေမည်။ တိုင်းရင်းသားပြည်သူများအားလုံးက ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် Korea Entertainment Expo-2010 ပြပွဲသို့ တက်ရောက်ရန် အောက်တိုဘာ ၁၇ ရက်က ထွက်ခွာသွားသော မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

သဲကုန်းမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ အထူးမွမ်းမံသင်တန်း ပို့ချ

နေပြည်တော် အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ အထူးမွမ်းမံသင်တန်းကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ သဲကုန်း၊ ဆင်မြီးဆွဲ၊ ပုတီးကုန်းနှင့် အင်းမမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပခဲ့သည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဘဝင်း၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမိုးဆွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ဇင်ဦးနှင့်အဖွဲ့က မဲရုံသရုပ်ပြနှင့် လုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ မဲရုံမှူး ၊ ဒုတိယမဲရုံမှူးများ စုစုပေါင်း ၃၈၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်း ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြား၊ သင်တန်းဆင်းလက်မှတ်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးလှထွန်းက သင်တန်းတွင် ပထမဆုရ စိစစ်ရေးမှူး(၂) ဒေါ်ခင်သန္တာကျော်တင့်၊ ဒုတိယဆုရ စိစစ်ရေးမှူး(၂) ဒေါ်ဇင်မာဦးနှင့် တတိယဆုရ စိစစ်ရေးမှူး(၂) ဒေါ်ကြူကြူအောင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၉၈ ဦးတို့သည် ရက်သတ္တ ခြောက်ပတ်ကြာ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၌ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ ငွေကြေးဌာနစိတ်၌ ငွေသွင်း၊ ငွေထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က မြန်မာ့စီးပွားရေးဘဏ်၏ ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဘဏ်ငွေပေး အမိန့်ချလန်လုပ်ငန်း အပါအဝင် ဘဏ်လုပ်ငန်းများအား နေပြည်တော်ကို ဗဟိုထားပြီး တစ်နိုင်ငံလုံး ကွန်ရက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးစေရန်အတွက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများကို ပိုမိုမှန်ကန်မြန်ဆန်စွာ၊ ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၀)တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၉ ရက်က အမက(၇)တာမွေ၌ ဦးဝင်းကြည်-ဒေါ်စန်းစန်းမော်တို့၏ သားဖြစ်သူ Grade 2-A1 မှ မောင်ရဲမင်းမော်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်ကျောင်းလုံးအား နို့ထမင်းအာဟာရ တိုက်ကျွေးစဉ်။ (ကြေးမုံ)

ယာဉ်မောင်းရက်တိုသင်တန်းများ အင်္ဂပူ၊ မဲဇလီကုန်းနှင့် ထူးကြီးဒေသတို့၌ ဖွင့်လှစ်

ဟင်္သာတ အောက်တိုဘာ ၂၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ အင်္ဂပူမြို့နယ်အတွင်း မော်တော်ဆိုင်ကယ် ယာဉ်မောင်း ရက်တိုသင်တန်းများကို စက်တင်ဘာ ၁၇ ရက်တွင် သင်တန်းအမှတ်စဉ်(၁၇)ကို အင်္ဂပူမြို့ စံကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၁၈)ကို မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ လည်းကောင်း၊ သင်တန်းအမှတ်စဉ် (၁၉)ကို ထူးကြီးမြို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း ဖွင့်လှစ်ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၁၁၄ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း **(အောက်ယာပုံ)**က သင်တန်းများလာရောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ လမ်းအသုံးပြုသူများ လက်စွဲပါ မော်တော်ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းချက်များ၊ မော်တော်ယာဉ်နှင့်ပတ်သက်သည့် လိုက်နာရန် စည်းကမ်းချက်များ၊ အမြန်လမ်းမကြီး ဥပဒေနှင့် လိုက်နာရန်စည်းကမ်းချက်များ၊ လမ်းညွှန်လမ်းအမှတ်အသားများ၊ အချက်ပြများ၊ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှုလျှော့နည်းကျဆင်းရေးစာတမ်းပါ အချက်အလက်များကိုလည်းကောင်း ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ (ခရိုင်ကညန)

စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု ဘွဲ့သင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၂၀

MCC Group နှင့် Siam University တို့ပူးပေါင်း၍ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု Bachelor of Business Administration (BBA) ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ပေးတော့မည်ဖြစ်သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် MCC Training Institute(Yangon Campus) ၌ Siam University မှ ချီးမြှင့်မည့် BBA(Hotel & Tourism Management, International Business and Finance & Banking) ဘာသာရပ်များကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ယင်းသင်တန်းများအနက် BBA (Hotel & Tourism Management နှင့် International Business) သင်တန်းကို ဦးစွာ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျန် BBA(Finance & Banking) သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဟု သိရသည်။ သင်ကြားမည့် အစီအစဉ်မှာ(2 +2) ပုံစံဖြစ်ပြီး မြန်မာနိုင်ငံ MCC တွင် နှစ်နှစ်၊ ထိုင်းနိုင်ငံ Siam University တွင် နှစ်နှစ် စုစုပေါင်း လေးနှစ် သင်ကြားရမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် အနိမ့်ဆုံးပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်လျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ကြောင်း၊ ဝင်ခွင့်လျှောက်လွှာတွင် ပညာအရည်အချင်း ထောက်ခံချက်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း (မိတ္တူ)များကို ပူးတွဲဖော်ပြရန်လိုအပ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက MCC (ရုံးချုပ်) အဆောင်(၃)နှင့် (၄) သိမ်ကြီးဈေး(စီ)ရှိ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၆၂၊ ၂၄၉၁၅၂၊ ၃၉၅၅၁၂ နှင့် ၂၄၆၆၃၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ထူးကဲဒီရေ ဝင်ရောက်ခြင်းခံရသည့် အိမ်ထောင်စုများအား တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် အမာမြို့နယ်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မြို့နယ်အတွင်း ထူးကဲဒီရေ ဝင်ရောက်ခံခဲ့ရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ မုန်တိုင်းဒဏ်ခံအဆောက်အအုံအတွင်း စာသင်ခန်းများဖွဲ့စည်းမှုနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း၌ သင်ကြားမှုဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဆောက်အအုံ၌ အင်တာနက်၊ အီးမေးလ်နှင့် ဖက်စ်တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကာ စက်ဆန်းကျေးရွာ မုန်တိုင်းဒဏ်ခံစာသင်ကျောင်း အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် စက်ဆန်းကျေးရွာ တိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေကြသူများအား ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေးဒရဲမြို့နယ် တိုးကျေးရွာအုပ်စု ဆားကျင်းကျေးရွာ၌ ထူးကဲဒီရေဝင်ရောက်ခံရသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် အလယ်တန်းကျောင်း ဖွင့်လှစ်သင်ကြားမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၅ ရက်တွင် ဖျာပုံမြို့နယ် သဲအိမ်တမံကျေးရွာအုပ်စု မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ မိုးစပါးစိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မိုးစပါးလျှာထားစိုက်ပျိုးမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် မအူပင်မြို့နယ်၌ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့ပစ္စည်းများ ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ထူးကဲဒီရေ ဝင်ရောက်ခံရသည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လုပ်ငန်းနှင့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးယန္တရားယာဉ်များ တင်/ချ ဆောင်ရွက်နေမှု၊ စစ်တွေမြို့ ဈေးကြီးတံတား၌ ရေယာဉ်ငယ်များ ဝင်ရောက်ဆိုက်ကပ်နေမှုနှင့် ရေယာဉ်များ သွားလာခုတ်မောင်းနေမှု အခြေအနေ၊ ဖောင်တော်ကြီး ဆိပ်ခံတံတားကြံ့ခိုင်မှု အခြေအနေနှင့် စစ်တွေမြို့ ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရခိုင်ဌာနခွဲသို့ ရောက်ရှိရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်အောင်က စစ်တွေမှ ဘူးသီးတောင်၊ စစ်တွေမှ တောင်ကုတ်မြို့သို့ ထွက်ခွာကြမည့် ရေယာဉ်များ၊ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ကုန်ပစ္စည်းများ တင်ဆောင်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် ရေယာဉ်များ ဆိပ်ကမ်း၌ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုန်ပစ္စည်းများ တင်/ချနေမှု၊ ဆပ်ရိုးကျချောင်း ရေလမ်းကြောင်း၊ လက်မှတ်ရုံ၌ လက်မှတ်များ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များဝင်ချိန်၊ ထွက်ချိန် မှန်ကန်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ခရီးသွားလာနိုင်ရေး၊ ဆက်ဆံရေးကောင်းမွန်ရေး၊ မတော်တဆမှုများ မဖြစ်ပေါ်စေရေးနှင့် စက်သုံးဆီများ အလေအလွင့်မရှိအောင် စနစ်တကျ ခြွေတာသုံးစွဲရေးတို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနတာဝန်ခံများအား တွေ့ဆုံရာ ဌာနတာဝန်ခံများက မိမိတို့ဌာန လုပ်ငန်းများ၏ ဆောင်ရွက်နေမှု၊ လုပ်ငန်းများပြီးစီးနေမှုနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းအစီအမံတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ဌာနများအနေဖြင့် ဝန်ဆောင်မှုအား အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ကြရေး၊ ရေယာဉ်/ လေယာဉ်များ အချိန်မှန်ရေး၊လုံခြုံရေး အထူးဂရုပြုရေး၊ သန့်ရှင်းရေး အမြဲတမ်းကောင်းမွန်ရေး၊ လေကြောင်းဆက်သွယ်ရေး စက်ကိရိယာများ အမြဲတမ်းကောင်းမွန်ရေး၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရေးနှင့် နိုင်ငံတော်က အားထားရသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်အလေးထား ကြိုးစားလုပ်ကိုင်ကြရေး တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် အောက်တိုဘာ ၅ ရက်က အောင်မြေသာစံမြို့နယ် လမ်း ၂၀၊ ၈၃ လမ်းနှင့် ၈၆ လမ်းကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်း လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (၄၆၉)

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား Australian Agency for International Development (AusAID) မှ Mr. John James နှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက် ည ၈ နာရီတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ (၂) ရဲအုပ်ခင်မောင်ရွှေက ခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများ၊ ဒဏ်ရာရသေဆုံးမှု အခြေအနေများနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ ပုဗ္ဗသီရိမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးလက်ပြည်သူ ၁၀၂ ဦးတို့ တက်ရောက်ကြပြီး နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ထုတ်ဝေသော ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား စဉ့်ကူးမြို့၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီတွင် စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးပေါ်ဇနန်က ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ တစ်နိုင်ငံလုံး တတိယဆုရ ဦးလှသောင်း (ကျောင်းအုပ်၊ ကုက္ကိုအ. မ. က)နှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

Home/ Office Security System
လူမလိုသော သင့်အိမ်၊ ရုံးအတွက် လုံခြုံရေးစနစ်

ရန်ကုန် အောက်တိုဘာ ၂၀

လူစောင့်မရှိသော အိမ်၊ ရုံးတို့အတွက် လူထက်စိတ်ချ ယုံကြည်ရသော လုံခြုံရေးစနစ်ကို True Value က မိတ်ဆက်တင်ပြထားသည်။

သင့်အိမ်နှင့်ရုံးတွင် လိုင်းဖုန်းတစ်လုံး ရှိရုံဖြင့် သင့်အိမ်၊ ရုံးအတွင်း ကျူးကျော်ဝင်ရောက်ခြင်းများ၊ မီးလောင်ခြင်းများကို အလိုအလျောက် အချက်ပေးခြင်းဖြင့် သင့်ဖုန်းသို့ အလိုအလျောက်ဖုန်းဆက် အကြောင်းကြားခြင်းစနစ် (Wireless Home Alarm System)ကို ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

အိမ်၊ ရုံးတံခါးများတွင် Burglar Sensor များ၊ အိမ်၊ ရုံးခန်းအတွင်း Smoke Detector Sensor များ၊ လူအရိပ်ဖြတ်ခြင်းကို အသိပေးသော Special Sensor များကို အဆိုပါ System တွင် Wireless ချိတ်ဆက်၍ အိမ်၊ ရုံးလိုင်းဖုန်းမှ တစ်ဆင့် မိမိ Setting လုပ်ထားသော ဖုန်း ခြောက်လုံးတို့ကို အလိုအလျောက် ဖုန်းဆက် အကြောင်းကြားပေးမည်ဖြစ်သည်။ ဖုန်းဆက်အကြောင်းကြားပေးခြင်းအပြင် ဘေးပတ်ဝန်းကျင်ကိုပါ မြင့်မားကျယ်လောင်သော အသံဖြင့် အသိပေးခြင်းကြောင့် အိမ်နီးချင်းများထံမှ အကူအညီ ချက်ချင်းရနိုင်သည်။ မိမိ၏ လက်ကိုင်ဖုန်းမှ အဆိုပါ ကျူးကျော်ဝင်ရောက်သူကို စကားပြောအမိန့်ပေးနိုင်သော စနစ်လည်း ပါဝင်သည်။ ထို့အပြင် မိမိ၏အိမ်တွင် မသွားမလာနိုင်သော သက်ကြီးရွယ်အို ဘိုးဘွားမိဘများ တစ်ယောက်တည်း ကျန်ခဲ့ပါက အရေးပေါ်ခေါ်ဆိုနိုင်သော Wireless Panic Button ကို တစ်ချက်နှိပ်ရုံဖြင့် မိမိ၏ လက်ကိုင်ဖုန်းသို့ အကြောင်းကြားနိုင်ပြီး Alarm အသံကြောင့် ဘေးပတ်ဝန်းကျင်မှ အကူအညီကိုပါ အလျင်အမြန် ရနိုင်သည်။

ထို့ကြောင့် ဘေးကင်း လုံခြုံစိတ်ချရသောဘဝကို ပိုင်ဆိုင်နိုင်ရန် စိတ်ပါဝင်စားကြသူများ TRUE VALUE Show Room ရန်ကုန်ရုံး အမှတ် (၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ် (၅) (၂၆)လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား ဖုန်း-၀၂-၂၁၅၇၂ နှင့် နေပြည်တော်ရုံး သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

True Value
Your One Stop Solution Partner

အာဖဂန်နစ္စတန်ရှိ စီအိုင်အေစခန်းရုံး တိုက်ခိုက်ခံရမှု စီအိုင်အေ၏ မှားယွင်းမှုကြောင့် ဖြစ်ရဟုဆို

ဝါရှင်တန် အောက်တိုဘာ ၂၀ - အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ဒီဇင်ဘာလက အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ) ဝန်ထမ်းများအား တိုက်ခိုက်ခဲ့သည့် နှစ်ဖက်ချွန် သူလျှိုတစ်ဦးနှင့် ပတ်သက်၍ ကြိုတင်စိစစ်မှုများ ပြုလုပ်ခဲ့ခြင်းမရှိခြင်းမှာ မိမိတို့၏ အမှားပင်ဖြစ်ကြောင်း စီအိုင်အေ ညွှန်ကြားရေးမှူး လီယွန်ပါနက်တာက အောက်တိုဘာ ၂၀ ရက် ကြေညာချက်တွင် ထုတ်ပြန်သည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာလက အသေခံဗုံးခွဲတိုက်ခိုက်ခံခဲ့ရသော အမေရိကန် စစ်စခန်းတစ်နေရာ။

အာဖဂန်နစ္စတန်နိုင်ငံတွင် စီအိုင်အေဝန်ထမ်းခုနစ်ဦးသေဆုံးခဲ့ရသော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ အထူးလုပ်ငန်းအဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် စီအိုင်အေ၏ မှားယွင်းမှုများကို ထောက်ပြထားကြောင်း ပါနက်တာက ပြောကြားသည်။

စီအိုင်အေ ဝန်ထမ်းများအား အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သူမှာ ဟိုမန်ဘာလာဝီ ဆိုသူ ဖြစ်ပြီး ၎င်းသည် ဂျော်ဒန်နိုင်ငံသားဖြစ်သည်။ ၎င်းသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသူဟု ယူဆရပြီး ဂျော်ဒန်ထောက်လှမ်းရေးဌာနက ၎င်းကို သူလျှိုတစ်ဦးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

ဂျော်ဒန်ထောက်လှမ်းရေး အရာရှိတစ်ဦးသည် ဘာလာဝီအား အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်မြို့ရှိ စီအိုင်အေ ထောက်လှမ်းရေး စခန်းရုံးတစ်ရုံးသို့ ခေါ်ဆောင်လာခဲ့သည်။ ၎င်းသည် စီအိုင်အေ သတင်းပေးအဖြစ် ဟန်ဆောင်ကာ ယင်းစီအိုင်အေ စခန်းရုံးသို့ ဝင်ရောက်လာနိုင်ခဲ့သည်။

ဘာလာဝီသည် ဒီဇင်ဘာ ၃၀ ရက်က အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ရာတွင် ဂျော်ဒန်ထောက်လှမ်းရေးအရာရှိမှာလည်း သေဆုံးခဲ့ရသည်။

ခို့စ်မြို့ရှိ စီအိုင်အေ ဝန်ထမ်းများက ဘာလာဝီ၏ နောက်ခံသမိုင်းကြောင်းနှင့် ပုဂ္ဂိုလ်ရေးအနေအထားကို စိစစ်ခဲ့ခြင်းမရှိကြောင်း၊ လုံခြုံရေးဆိုင်ရာ စီမံချက်များကိုလည်း ကြိုတင်လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိခဲ့ရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

အာဖဂန်တွင် ဗုံးပေါက်ကွဲမှုများကြောင့် အရပ်သားများ သေဆုံး

ကဘူး အောက်တိုဘာ ၂၀

အာဖဂန်နစ္စတန် အနောက်တောင်ပိုင်း၌ စစ်သွေးကြွများ ထောင်ထားသော ဗုံးများ ပေါက်ကွဲမှုကြောင့် အောက်တိုဘာ ၂၀ ရက်က လက်ထပ်မင်္ဂလာပွဲသို့ သွားရောက်သော မော်တော်ယာဉ်တစ်စီးနှင့် ကျောင်းကား တစ်စီးတို့တွင် လိုက်ပါလာသူ ၂၂ ဦး သေဆုံး၍ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်နှစ်ရပ်သည် အာဖဂန်နစ္စတန်နိုင်ငံ နင်းရော့ဇ်ပြည်နယ်တွင် သီးခြားစီဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အာဖဂန်စစ်ပွဲကာလအတွင်း အရပ်သားများ အများဆုံးသေဆုံးခဲ့ရသော တိုက်ခိုက်မှုများဖြစ်လာသည်။

အာဖဂန်နစ္စတန်အနောက်ပိုင်း ဟာရတ်ပြည်နယ်ရှိ မင်္ဂလာပွဲသို့သွားရောက်သော အာဖဂန်အရပ်သား မိသားစုဝင် ၁၃ ဦးသည် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရပြီး ၁၀ ဦး ဒဏ်ရာရခဲ့သည်။

သေဆုံးသူများထဲတွင် အမျိုးသမီး ငါးဦး၊ ကလေးငါးဦးနှင့် အမျိုးသား သုံးဦးတို့ ပါဝင်ပြီး သတို့သမီးကိုယ်တိုင်လည်း ယာဉ်ပေါ်တွင် လိုက်ပါလာဖွယ်ရှိကြောင်း သိရသည်။

အလားတူ နင်းရော့ဇ်ပြည်နယ်အတွင်း၌ အမျိုးသမီးငယ်များကို တင်ဆောင်လာသော ကျောင်းကားတစ်စီး ဗုံးပေါက်ကွဲမှုကြောင့် ကိုးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း နေတိုးအဖွဲ့က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုများသည် လက်ပစ်ဗုံး(အိုင်အီးဒီ)များကို သုံး၍ အရပ်သားများ သေကျေအောင် ပြုလုပ်ခြင်းဖြစ်ရာ နေတိုးတပ်ဖွဲ့က ရှုတ်ချကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ဟက်ကာနီကွန်ရက် စစ်သွေးကြွအုပ်စုနှင့် အာဖဂန်အစိုးရ တွေ့ဆုံဆွေးနွေးမှုများလုပ်ခဲ့ဟုဆို

ကဘူး အောက်တိုဘာ ၂၀

အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် အာဖဂန်အစိုးရအဖွဲ့သည် အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော တာလီဘန် စစ်သွေးကြွအုပ်စုဖြစ်သည့် ဟက်ကာနီကွန်ရက်နှင့် လပေါင်းများစွာကပင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း အာဖဂန်လွှတ်တော်အမတ်တစ်ဦး၏ အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

ဟက်ကာနီကွန်ရက် စစ်သွေးကြွအုပ်စုသည် အာဖဂန်နစ္စတန်ရှိ နေတိုးနှင့် မဟာမိတ်တပ်ဖွဲ့များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းနှင့် ကဘူးမြို့တော်အတွင်း ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများတွင် တာဝန်ရှိသော စစ်သွေးကြွအုပ်စု ဖြစ်သည်။

သမ္မတဟာမစ်ကာဇိုင်း၏ အာဖဂန်အစိုးရအဖွဲ့သည် အသက်အရွယ်ထောက်နေပြီဖြစ်သော ဟက်ကာနီကွန်ရက် စစ်သွေးကြွအုပ်စုခေါင်းဆောင် ဂျာလာလူဒင် ဟက်ကာနီနှင့် တိုက်ရိုက်အဆက်အသွယ်ရှိကြောင်း အာဖဂန်လွှတ်တော် အမတ်က ၎င်း၏အမည်ကို ထုတ်ဖော်ခြင်းမပြုဘဲ ပြောကြား သည်။

ဟက်ကာနီကွန်ရက်သည် ပါကစ္စတန်ထောက်လှမ်းရေးနှင့် အကျွမ်းဝင်နီးစပ်သော စစ်သွေးကြွအဖွဲ့ဖြစ်ကြောင်း ယုံကြည်ရပြီး လက်ရှိတွင် ဂျာလာလူဒင်ဟက်ကာနီ၏သား ဆာရာဂျူနင်က အဖွဲ့ကို ဦးဆောင်လျက်ရှိသည်။

တာလီဘန်အဖွဲ့ ဦးဆောင်မှုကောင်စီမှ အဖွဲ့ဝင်သုံးဦးသည် အာဖဂန်အစိုးရအဖွဲ့နှင့် အကြိုဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း နယူးယောက်တိုင်းမ် သတင်းစာတွင် ဗုဒ္ဓဟူးနေ့က ဖော်ပြထားသည်။ **အေပီ။**

အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော အာဖဂန် တာလီဘန် ဟက်ကာနီကွန်ရက် စစ်သွေးကြွများ။

ကုလအထူးကိုယ်စားလှယ်၏ ယာဉ်တန်း အီရတ်၌ ဗုံးခွဲတိုက်ခိုက်ခံရ

ဗုံးခွဲတိုက်ခိုက်မှုမှ လွတ်မြောက်ခဲ့သော အီရတ်နိုင်ငံဆိုင်ရာ အထူးကုလကိုယ်စားလှယ် အက်ဒ်မေးလ်ကတ်။

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

အီရတ်နိုင်ငံရှိ ကုလသမဂ္ဂ သံတမန်အကြီးအကဲတစ်ဦး စီးနင်းလိုက်ပါသော ယာဉ်တန်းသည် အောက်တိုဘာ ၁၉ ရက်က ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသော်လည်း ယာဉ်တန်းတွင် လိုက်ပါလာသူ ကုလသံတမန် အကြီးအကဲမှာ အသက်ဘေးမှ လွတ်ကင်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် အက်ဒ်မေးလ်ကတ်၏ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။

၂၀၀၃ ခုနှစ်က ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရခြင်းကြောင့် ယခင်ကိုယ်စားလှယ် ဆာဂျီယိုဗီအဲရာမဲလ်လိုးနှင့် ကုလဝန်ထမ်း ၂၃ ဦး သေဆုံးပြီးနောက် အီရတ်နိုင်ငံရှိ ကုလသမဂ္ဂ၏ တာဝန်ဝတ္တရားများကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် ၂၀၀၄ ခုနှစ်တွင် ကုလသမဂ္ဂသည် အီရတ်နိုင်ငံ၌ ၎င်း၏လုပ်ငန်းများကို ပြန်လည်စတင်ခဲ့သည်။

အက်ဒ်မေးလ်ကတ်သည် နာဂျက်ဖ်မြို့၌ ရှီးယိုက်ခေါင်းဆောင် အယာတိုလာအလီ-အယ်လ်-စစ္စတာနီနှင့် တွေ့ဆုံဆွေးနွေးပြီး အပြန်လမ်းတွင် ၎င်း၏ယာဉ်တန်း တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း ကုလပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြင်းထန်စွာရှုတ်ချလိုက်ပြီး အီရတ်ပြည်သူများ အကျိုးအတွက် ကုလသမဂ္ဂ၏ လုပ်ဆောင်မှုများကို အကြမ်းဖက်တိုက်ခိုက်မှုဖြင့် တားဆီးရမည်မဟုတ်ကြောင်း ပြောကြားသည်။ **အေပီ။**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး အောက်တိုဘာ ၂၀

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၂၀ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၃၁၃ ဦးရှိပြီး အပြင်းအထန်ထိခိုက် ဒဏ်ရာရရှိသူ ဦးရေမှာ ၄၀၀၆၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၃၁၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၀၆၅ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

<u>အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု</u>

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး အောက်တိုဘာ ၂၀ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၃၈၃၇ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၃၉၁၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၃၈၃၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၃၉၁၄ ဦး

အင်တာနက်။

အာဖဂန်နစ္စတန်ရောက် ဆွီဒင်တပ်ဖွဲ့ကိစ္စ အစိုးရအဖွဲ့နှင့် အတိုက်အခံပါတီ ဆွေးနွေးမည်

စတော့ဟုမ်း အောက်တိုဘာ ၂၀

အာဖဂန်နစ္စတန်နိုင်ငံတွင် မိမိတို့၏တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားမှုနှင့် ပတ်သက်၍ အဓိကအတိုက်အခံပါတီနှင့် သဘောတူညီမှုရရှိရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆွီဒင်ဝန်ကြီးချုပ် ဖရက်ဒရစ်ရင်းဖဲလ်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ် ရင်းဖဲလ်၏ အစိုးရအဖွဲ့သည် ပါလီမန်တွင် အများစု အနေအထားရရှိရန် အမတ်နေရာနှစ်နေရာ လျော့နည်းနေသည်။ သို့ဖြစ်၍ အာဖဂန်နစ္စတန်နိုင်ငံရှိ ဆွီဒင်တပ်ဖွဲ့ကို အင်အားတိုးချဲ့နိုင်ရန် အတိုက်အခံ ဆိုရှယ်ဒီမိုကရက်များ၏ ထောက်ခံမှုကို ရရှိရန် လိုအပ်နေသည်။

အာဖဂန်နစ္စတန်တွင် ယခုအခါ ဆွီဒင်တပ်ဖွဲ့ဝင် ၅၀၀ ကို ဖြန့်ကြက်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆွီဒင်တပ်ဖွဲ့ဝင်ငါးဦးကျဆုံးခဲ့ပြီးဖြစ်၏။ နောက်ဆုံးဖြစ်စဉ်မှာ အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း မာဇာအီရှရစ်ဖ်မြို့အနီး ဗုံးပေါက်ကွဲမှုကြောင့် ဆွီဒင်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ရွေးကောက်ပွဲတွင် မိမိတို့အနိုင်ရရှိမည်ဆိုပါက အာဖဂန်နစ္စတန်မှ ဆွီဒင်တပ်ဖွဲ့ကို ၂၀၁၁ ခုနှစ်တွင် ပြန်လည်ရုပ်သိမ်းမည်ဟု ဆိုရှယ်ဒီမိုကရက်များနှင့် ၎င်းတို့၏မဟာမိတ်များက လွန်ခဲ့သည့်လ ရွေးကောက်ပွဲမတိုင်မီ ပြောကြားခဲ့သည်။

ဆွီဒင်တပ်ဖွဲ့ကို လာမည့်နှစ်တွင် ရုပ်သိမ်းရန်မှာ အလွန်စောနေကြောင်း ဝန်ကြီးချုပ် ရင်းဖဲလ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာသတင်းများ

လက်ဘနွန်ဝန်ကြီးချုပ် လုပ်ကြံခံရမှု စုံစမ်းစစ်ဆေးရေးအဖွဲ့ စမ်းသပ်ဖောက်ခွဲမှုလုပ်ဆောင်

ပါရီ အောက်တိုဘာ ၂၀ - ကုလသမဂ္ဂတရားရေးဆိုင်ရာ အဖွဲ့တစ်ဖွဲ့က ယခင် လက်ဘနွန်ဝန်ကြီးချုပ် ရာဖစ်ခ်ဟာရီရီ လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးရာတွင် ပါဝင်သော အစိတ်အပိုင်းတစ်ရပ်အဖြစ် စမ်းသပ်ဖောက်ခွဲမှုတစ်ရပ်ကို ပြင်သစ် စစ်အခြေစိုက်စခန်းတစ်ခု၌ အောက်တိုဘာ ၁၉ ရက်တွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း Captieux စစ်စခန်းတွင် ပြုလုပ်ခဲ့သော စမ်းသပ်ဖောက်ခွဲမှုကို မှူခင်းရေးရာ စစ်ဆေးမှုများလုပ်ဆောင်မည့် နိုင်ငံတကာ ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့က စောင့်ကြည့်လေ့လာခဲ့ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့က ကြေညာချက်ထုတ်သည်။

အင်္ဂါနေ့က ပြုလုပ်ခဲ့သော စမ်းသပ်ဖောက်ခွဲမှုသည် လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီနှင့် အခြား ၂၂ ဦးသေဆုံးခဲ့ရသော ထရပ်ကားဗုံးခွဲမှုကို ပုံတူလုပ်ဆောင်ခြင်းမဟုတ်သော်လည်း စမ်းသပ်ဖောက်ခွဲမှုမှရသော ရလဒ်များသည် စုံစမ်းစစ်ဆေးရေးကဏ္ဍတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း ကုလစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လုပ်နည်းလုပ်ဟန် အရသော်လည်းကောင်း၊ ရည်ရွယ်ချက်အရ သော်လည်းကောင်း အဆိုပါ စမ်းသပ်ဖောက်ခွဲမှုကို ရာဇဝတ်မှုလက်တွေ့ကျူးလွန်ပုံနှင့် နှိုင်းယှဉ်၍ ရနိုင်မည်မဟုတ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သန်းကြွယ်သူဌေး စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်၊ လက်ဘနွန်နိုင်ငံ၏ အထင်ရှားဆုံး နိုင်ငံရေးသမားလည်းဖြစ်သူ ဝန်ကြီးချုပ် ရာဖစ်ခ် ဟာရီရီသည် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က ဘေရွတ်မြို့တွင် ဗုံးဖောက်ခွဲ လုပ်ကြံခံခဲ့ရသည်။ **အေပီ။**

မီဂီမုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံသား နှစ်သိန်းကျော် အိုးအိမ်မဲ့ဖြစ်

မနီလာ အောက်တိုဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းကို ဝင်ရောက်တိုက်ခတ်ခဲ့သော စူပါတိုင်ဖွန်းမီဂီကြောင့် လူ ၁၉ ဦးသေဆုံး၍ ၂၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အောက်တိုဘာ ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

နှစ်ပေါင်း ၂၀ အတွင်း အစွာဘယ်လာပြည်နယ်ကို ဝင်ရောက်ခဲ့သော မုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံး မုန်တိုင်းဖြစ်ကြောင်း၊ လူဦးရေ ၂၅၆ ၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် မွှေနှောက်တိုက်ခတ်ပြီးနောက် တောင်တရုတ်ပင်လယ်အတွင်း ရောက်ရှိသွားသော တိုင်ဖွန်းမီဂီသည် အင်အားပြန်လည်ကောင်းလာပြီး တရုတ်နိုင်ငံတောင်ပိုင်းသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

မီဂီတိုင်ဖွန်းမုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက်တွင် ဟောင်ကောင်ကျွန်းအရှေ့ပိုင်းသို့ ဝင်ရောက်နိုင်ဖွယ်ရှိရာ မုန်တိုင်းဝင်ရောက်ဖွယ်ရှိသည့် ဒေသအတွင်းမှ ရေယာဉ်များကို ဆိပ်ကမ်းများ၌ ပြန်လည်ခိုလှုံရန် တရုတ်အစိုးရက ဆင့်ခေါ်ထားသည်။

မီဂီမုန်တိုင်းသည် ဟောင်ကောင်ကျွန်းမှ မိုင် ၅၀၀ အကွာတွင် တိုက်ခတ်လျက်ရှိရာ ဟောင်ကောင် အာဏာပိုင်များက မုန်တိုင်းအန္တရာယ် အသင့်အနေအထား အခြေအနေကို ပြင်ဆင်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒေးလီးတယ်လီဂရပ်။

မြန်မာနိုင်ငံသားသွေးလှူရှင် ဂင်းနစ်ကမ္ဘာ့စံချိန်ဆုနှင့် ထိုက်တန်

ရန်ကုန် အောက်တိုဘာ ၂၀

ဘဝတစ်လျှောက်လုံး ကြိမ်ရေအများဆုံး သွေးလှူရှင်ဖြစ်ခဲ့သူ မြန်မာနိုင်ငံသားတစ်ဦးသည် ဂင်းနစ်ကမ္ဘာ့စံချိန်ဆုနှင့် ထိုက်တန်ကြောင်း ရန်ကုန်တိုင်းမ်သတင်းဂျာနယ်က ယနေ့ရေးသားဖော်ပြသည်။

စံချိန်တင်သွေးလှူရှင် မြန်မာနိုင်ငံသား၏ အမည်မှာ ဦးခွန်စိုင်းမောင်မောင်ကြီးဖြစ်ပြီး ၎င်းသည် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ်သွေးလှူဒါန်းခဲ့ကာ ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် သွေးလှူခဲ့သော ကြိမ်ရေ ၂၀၄ ကြိမ်ပြည့်ခဲ့သည်။

ဦးခွန်စိုင်းမောင်မောင်ကြီးသည် သွေးလှူဒါန်းခဲ့သော ကြိမ်ရေနှင့် ပတ်သက်၍ ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်တွင် မှတ်တမ်းရေးထိုးရန် ၁၅၆ ကြိမ်အထိ သွေးလှူဒါန်းခဲ့သော အိန္ဒိယနိုင်ငံသားတစ်ဦးနှင့် ပြိုင်ဆိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက် (၆၅) နှစ်နှင့် အထက်ရှိသူများ သွေးလှူဒါန်းခွင့် ကန့်သတ်ထားသော်လည်း အသက် (၆၈) နှစ်အရွယ်ရှိ ဦးခွန်စိုင်းမောင်မောင်ကြီးကိုမူ ကျန်းမာရေးကောင်းမွန်သူတစ်ယောက်အဖြစ် ခြွင်းချက်ထားသည်။

ဦးခွန်စိုင်းမောင်မောင်ကြီးသည် မြန်မာ့တပ်မတော်မှ အငြိမ်းစားအရာရှိတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သွေးလှူဒါန်းမှုများကို ဦးဆောင်ဦးရွက်ပြုသူတစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ NEDA(Neighbouring Countries Economic Development Cooperation Agency) မှ Deputy Permanent Secretary, Mrs. Saowanee Kamolbut ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ NEDA (Neighbouring Countries Economic Development Cooperation Agency) မှ Deputy Permanent Secretary, Mrs. Saowanee Kamolbut ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံပို့ဆောင်ရေးကဏ္ဍများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စေတနာလှိုင်(ရေစကြို)၏ ရွှေစည်းကမ်းနှင့် ရွှေနည်းလမ်းများစာအုပ် ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၂၀

ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်၍ အောင်မြင်မှုအထောက်အကူ ဖြစ်စေရန်အတွက် စေတနာလှိုင်(ရေစကြို) စီစဉ်ရေးသားသော ရွှေစည်းကမ်းနှင့် ရွှေနည်းလမ်းများစာအုပ်ကို ဦးရဲဝေ(မြန်မာစာ)၏ အမှာစာနှင့်အတူ ရန်အောင်စာပေက တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ရွှေစည်းကမ်း၊ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချပါ၊ ကြိုးစားမှုကို အရင်းတည်ပါ၊ စောစောနိုးထ စာကျက်ကြ၊ ငြီးငွေ့မှုကို ဖယ်ရှားပါ၊ လူငယ်တွေ စာများများဖတ်ပါ၊ စာဖတ်နည်းအမျိုးမျိုး၊ မိလိန္ဒမင်းနှင့် အရှင်နာဂသိန်၊ ဉာဏ်ကောင်းအောင် ပျိုးထောင်နည်း၊ မှတ်ဉာဏ်ကောင်းရန်နည်းကိုးတန်၊ မှတ်ဉာဏ်ရင့်သန်စေနည်း၊ မှတ်ဉာဏ်တုံးစေသောအကြောင်းရင်းများ၊ ဘယ်လိုပုံစံအနေအထားနဲ့ စာကျက်မလဲ၊ စနစ်တကျ စာကျက်နည်း၊ တိပိဋကရေစကြိုဆရာတော်၏ စာကြည့်နည်း၊ စာကျက်နည်း၊ ပွဲတိုင်းအောင်စေသော စာကျက်နည်း၊ ကျောင်းသားတစ်ယောက်အတွက် အလေ့အကျင့်ကောင်းများ၊ စာမေးပွဲသည် ကံတိုက်မဟုတ် ဇကန်တရား၊ စာမေးပွဲမှာ ရင်မခုန်ရလေအောင်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘယ်လိုဆင်နွှဲမလဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ အဆင့်(၁)ရသူ မထွဋ်မြတ်နိုးအောင်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရကြသော မောင်ခိုင်ကျော်ထူး၊ မောင်သန့်ဇင်ထက်၊ မမူဟန်ကျော်၊ မယမင်းအေး၊ မဆုမြတ်နိုးအောင်၊ မလဲ့မွန်နိုင်ဝင်း၊ မမေမြတ်နိုးဝေ၊ မသဇင်ငြိမ်းသူ၊ မဆုသဉ္ဇာအောင်၊ မနှင်းဝတ်ရည်ကျော်၊ ညောင်တုန်းမြို့မှ B.Tech ဘွဲ့ရမသန်စွမ်းသူလေး မစုပုံချစ်၏ ကြိုးစားမှု၊ စိတ်ဆောင်၍ အောင်မြင်သူများ စသည်တို့ကို စုစည်းဖော်ပြထားသည်။

ဝူဖရီးစက္ကူချောရောင်စုံဓာတ်ပုံများဖြင့် သပ်သပ်ရပ်ရပ်ထုတ်ဝေထားသည့် စာမျက်နှာ ၁၄၀ ရှိ အဆိုပါစာအုပ်ကို ရန်အောင်

စာပေ တိုက်(၁၇) အခန်း(၂၃) ရွှေအုန်းပင်အိမ်ရာအနောက်ရန်ကင်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းပါဝင်သော ဆားများ ရောင်းချမှု ရှိ၊ မရှိ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နိုင်နိုင်မော်နှင့် ဝန်ထမ်းများ စစ်ဆေးစဉ်။ (သတင်းစဉ်)

ဉာဏစွမ်းရည်ပြိုင်

လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄) မူလတန်းကြိုကျောင်း၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အကြီးဆင့် ရင်သွေးငယ် မသံသာထွန်းနှင့်အဖွဲ့က "လက်ခုပ်တီးပါ" သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

(၇၂)

မြန်မာနိုင်ငံ၏ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်တစ်ဆင့်ကိုရောက်ရှိနေ အနာဂတ်စာရင်းအင်းဆိုင်ရာ စွမ်းအားပြည့် အစီအမံများအတွက် ရည်မှန်းချက်များ ချမှတ်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၀

ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ အောက်တိုဘာ ၂၀ ရက်ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် ကျင်းပရန် အတည်ပြုချမှတ်ခဲ့၍ မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာ့စာရင်းအင်းနေ့ကို အသိအမှတ်ပြု ကျင်းပရခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့စာရင်းအင်းနေ့၏ ရည်ရွယ်ချက်များမှာ အဖွဲ့အစည်းများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု လုပ်ငန်းရပ်များတွင် တရားဝင်စာရင်းအင်းများ၏ ဖြည့်စွမ်းပေးနိုင်မှုကို အများပြည်သူတို့ သိရှိလာနိုင်ကြစေရန်အတွက် မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် တရားဝင်စာရင်းအင်းများ ထုတ်ပြန်နိုင်မှု၊ စာရင်းအင်းဆိုင်ရာ စနစ်နှင့် အောင်မြင်တိုးတက်လာမှုများကို သိရှိလာကြစေရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ် အထိ ဗဟိုစီမံကိန်းစနစ်ကို ချမှတ်ကျင့်သုံးခဲ့ကြောင်း၊ ယင်းကာလ နောက်ပိုင်းတွင် ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဘဝများ တိုးတက်မြင့်မားလာစေရန်အတွက် ဈေးကွက်စီးပွားရေးဆိုင်ရာများကို တံခါးဖွင့် ဆောင်ရွက်ပေးခဲ့ကြောင်း။

၁၉၉၁-၁၉၉၂ မှ ၁၉၉၅-၁၉၉၆ ငါးနှစ် စီမံကိန်းကာလအတွင်း တိုင်းပြည်၏ ဂျီဒီပီ နှစ်စဉ်တိုးတက်မှုနှုန်း ၇ ဒသမ ၅ ရာခိုင်နှုန်းထိ အောင်မြင်တိုးတက်ခဲ့ကြောင်း၊ ၁၉၉၆-၁၉၉၇ မှ ၂၀၀၀-၂၀၀၁ ငါးနှစ်စီမံကိန်းကာလတွင် နှစ်စဉ် ဂျီဒီပီ တိုးတက်မှုနှုန်း ၈ ဒသမ ၅ရာခိုင်နှုန်း၊ ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ငါးနှစ်စီမံကိန်းကာလတွင် နှစ်စဉ်ဂျီဒီပီတိုးတက်မှုနှုန်း ၁၂ ဒသမ ၉ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း၊ ယခုလက်ရှိ စတုတ္ထငါးနှစ်စီမံကိန်းကာလ၏ ၂၀၀၉-၂၀၁၀ ကာလတွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့မြင်နိုင်ကြကြောင်း။

အမျိုးသားအဆင့် သန်းခေါင်စာရင်းနှင့် စစ်တမ်းကောက်ယူမှု လုပ်ငန်းများသည် သက်ဆိုင်ရာဌာန အသီးသီး၏ စာရင်းအင်းဆိုင်ရာ လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန်အတွက် ကောက်ယူလျက်ရှိကြောင်း၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအနေဖြင့် လယ်ယာသန်းခေါင်စာရင်း၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနအနေဖြင့် အိမ်ထောင်စုများ၏ လူနေမှုအခြေအနေ၊ ဆန်းစစ်လေ့လာမှု စစ်တမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်းစစ်တမ်း၊ ဗဟို စာရင်းအင်းအဖွဲ့အနေဖြင့် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း၊ အမျိုးသားအဆင့် ဖွားသေစာရင်းအင်းစစ်တမ်းနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် လူဦးရေ သန်းခေါင်စာရင်းများ ကောက်ယူခဲ့ကြကြောင်း။

လက်ရှိကာလတွင် မြန်မာနိုင်ငံစာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်သည် အရေးပါသည့် အဆင့်တစ်ဆင့်ကို ရောက်ရှိနေပြီး အနာဂတ်ကာလ စာရင်းအင်းဆိုင်ရာ စွမ်းအားပြည့် အစီအမံများအတွက် ရည်မှန်းချက်များ ချမှတ်ခဲ့ကြပြီး စာရင်းအင်းဆိုင်ရာ အရည်အသွေးများ တိုးတက်မြင့်မားလာရေးနှင့် စာရင်းအင်းများအပေါ် ယုံကြည်မှုမြင့်မားလာစေရန် အတွက်လည်း ဆောင်ရွက်လျက်ရှိကြကြောင်း၊ စာရင်းအင်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းရပ်တိုင်းသည် ဖော်ပြပါ ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေး မှူး ချုပ်ထံမှ ကမ္ဘာ့စာ ရင်း အင်းနေ့သို့ ပေးပို့သော သဝဏ်လွှာကို ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ် Mr. Mohamed Abdel Ahad ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel Ahad က ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ကမ္ဘာ့စာရင်းအင်းနေ့သို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး စာရင်းအင်းများ၏အရေးပါမှုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားကာ ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးသူရိန်ဇော်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပထမအကြိမ် ကမ္ဘာ့ စာရင်းအင်းနေ့ အထိမ်းအမှတ် စာရင်းအင်း ဆိုင်ရာ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်တစ်ဦး သုတေသန စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

စာရင်းအင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စာတမ်းရှင်ငါးဦးတို့က စာရင်းအင်းဆိုင်ရာ သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို စာတမ်းရှင်များက ပြန်လည်ဖြေကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်မှာ "ဝန်ဆောင်မှုပေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်စွာအသုံးချခြင်းနှင့် ရိုးသားတည်ကြည်စွာ ဆောင်ရွက်ခြင်း" ဖြစ်သည်။

(သတင်းစဉ်)

ဂရုဓမ္မ မြတ်သီလ

- ✳ သူ့သက်သတ်စားပြုမိခြား တစ်ပါးသီလပျက်။
- ✳ သူ့ဥစ္စာအား ခိုးယူထား တစ်ပါးသီလပျက်။
- ✳ သူ့သားမယား ကျူးလွန်မှား တစ်ပါးသီလပျက်။
- ✳ လိမ်ညာလှည့်ဖြား ပြောစကား တစ်ပါးသီလပျက်။
- ✳ မူးယစ်ဆေးဝါးသုံးသူများ တစ်ပါးသီလပျက်။
- ✳ သီလမမြဲ အကျင့်လွဲ ဆင်းရဲတွင်းနက် စီးပွားပျက်။
- ✳ သီလငါးဖြာ စောင့်ထိန်းပါ ဥစ္စာ စီးပွားတက်။
- ✳ ဥစ္စာစီးပွား တက်လိုခြား ငါးပါးသီလစောင့်ထိန်းကြ
- ✳ ငါးပါးသီလ ဆောက်တည်က ဒုက္ခဆင်းရဲ ကင်းဝေးရ။
- ✳ ဂရုဓမ္မ၊ မြတ်သီလကို နေ့ညမဟူ၊ စောင့်ထိန်းသူကား "ပူပန်သောက အေးငြိမ်းရ အသက်ရှည်ရ ချမ်းသာလှ" ဟု ဓမ္မပါလ၊ ဇာတကတွင် ဗုဒ္ဓရှင်တော် မိန့်ဖော်ပြ။
- ✳ နာယူကျင့်ပွား အားထုတ်က ကောင်းကျိုးသုခ ခံစားရ။ ။

ရေနံ့သာမောင်ကျော်ညွန့်

ပြည်တွင်းအခွန် ညွှန်ကြားရေးမှူးချုပ် အခွန်လျှော့ထားချက် ကျော်လွန်ကောက်ခံရရှိရေး မှာကြား

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် အောက်တိုဘာ ၉ ရက်က ထားဝယ်မြို့သို့ ရောက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ အခွန်ဆိုင်ရာ စည်းကြပ်မှုများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရေး၊ အဂတိတရားကင်းရှင်းစွာဖြင့် အခွန်လျှော့ထားချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိရေး အလေးထားကြိုးပမ်းဆောင်ရွက်ရန်နှင့် ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကြရန် တွေ့ဆုံမှာကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး၊ ခရိုင်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများနှင့် အခွန်ဦးစီးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ပြည်တွင်းအခွန်)

ပြည်လမ်း စိန်ဂေဟာစင်တာ (၆)နှစ်ပြည့် အထူးအစီအစဉ် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်လမ်း စိန်ဂေဟာ၌ (၆)နှစ်တိုင်တိုင် အားပေးခဲ့ကြသော Customer များကို ကျေးဇူးတင်ရှိသောအားဖြင့် ပြည်လမ်း စိန်ဂေဟာတွင် အောက်တိုဘာ ၁၅ ရက်မှ ၃၁ ရက်အထိ ကုမ္ပဏီများမှ အထူးနှုန်းဖြင့် ရောင်းချပေးပြီး **(အောက်ပုံ)** လက်ဆောင်ပေးမည့် အစီအစဉ်များအပြင် ကျပ်ခုနစ်သောင်းဖိုး ဝယ်ယူလျှင် Laptop Bag တစ်လုံး၊ ကျပ်တစ်သိန်းခွဲဖိုး ဝယ်ယူလျှင် စတီးအိုး သုံးလုံးတစ်စုံကို လက်ဆောင်ပေးသော အစီအစဉ်ပါရှိသည်။

အရောင်းပွဲတော်တွင် အဓိကကူညီပေးသော Beauty Credit အမှတ်တံဆိပ်

ကိုရီးယားအလှကုန်ဖြစ်ပြီး Panasonic (Camera & Hair Dryer), AQUOS Cosmetic, Folica Skin Care (knowledge), Naris Cosmetic, Jeuno Skin Care, Top Detergent, Procare, Gaspar ဆပ်ပြာရည်၊ EMO Coffeemix, OK Cashewnut, Daniel lewis , Spike , Michelle, Surfers Paridise, Nena lady shoes, Tar Yar Linn (Ice Cream) တို့မှ အထူးဈေးနှုန်းများဖြင့် လာရောက်ရောင်းချပေးကြသည်။ သီတင်းကျွတ်တွင် ကန်တော့လက်ဆောင်ပေးရန် ပစ္စည်းဝယ်လျှင် စိန်ဂေဟာ၏ အထူးအစီအစဉ်မှ များများဝယ်လျှင် များများလက်ဆောင်ရအောင် စီစဉ်ထားသည်။ လက်ဆောင်ခြင်း လေးခြင်း ဝယ်ယူလျှင် ၃၆ နာရီအတွင်း အိမ်အရောက်ပို့ပေးသည့် အစီအစဉ်ရှိသည်။ အောက်တိုဘာ ၁၇ ရက်တွင် ဖျော်ဖြေရေးအစီအစဉ် Dancer, Model Show, Product Show နှင့် ဟာသမျက်လှည့်ပညာရှင် Mr. Top ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်သည်။ အထူးအစီအစဉ်အနေဖြင့် Lucky Draw အစီအစဉ်ကို အောက်တိုဘာ ၂၃ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

စီးပွားရေးတက္ကသိုလ်ဘွဲ့ရ အောင်မြင်နေသော လုပ်ငန်းရှင်များ၏ "ဝမ်းမြောက်ယှဉ်တွဲ ဂုဏ်ယူဆင်နွှဲ ကုန်စည်ပြပွဲ" ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးရဲမြင့် ဖုန်း-၂၄၆၆၃၄၊ ၀၉-၅၀၉၈၈၇၆၊ ဦးကြည်လွင် ဖုန်း-၂၀၄၀၂၁၊ ၀၉-၅၀၇၃၆၇၁၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ၇၃၀၉၈၄၃၀၊ ဒေါ်ကြူကြူဝင်း ဖုန်း-၃၉၃၄၅၂၊ ၀၉-၅၁၃၉၉၇၀၊ ဒေါ်သန်းသန်းဝင်း ဖုန်း-၆၆၇၁၇၆၊ ၀၉-၅၀၀၆၉၂၈နှင့် ဒေါ်ယဉ်ယဉ်ငြိမ်း ဖုန်း-၀၉-၅၀၆၈၃၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး အထက(၂)လသာ ပညာရည်ချွန်ဆုပေးပွဲ တက်ရောက် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေးသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်စာမေးပွဲအောင် ဂုဏ်ထူးရ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ဗိုလ်ချုပ်တင်ဌေးနှင့် တာဝန်ရှိသူတို့က ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူလေးများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြကာ ပညာရည်ချွန်ဆုရ ကျောင်းသူလေးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသူလေးများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များနှင့် ဘက်စုံဖွံ့ဖြိုးရေးထူးချွန်ဆုရ ကျောင်းသူလေးများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက တေးသီချင်းများနှင့် အကတို့ဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ဌေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မှော်ဘီမြို့နယ်ရှိ သစ်တောဦးစီးဌာန ဗဟိုသစ်တောလုပ်ငန်း ဖွံ့ဖြိုးမှုလေ့ကျင့်ပေးရေးဌာနသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် သင်တန်းများ ကဏ္ဍအလိုက် ဖွင့်လှစ်သင်ကြားပို့ချနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ဌေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန တောင်လှိုင်ရိုးမကြိုးဝိုင်း မျိုးစေ့ထုတ်ဧရိယာ ရှင်းလင်းဆောင်ဝင်း အတွင်းရှိ ပျဉ်းကတိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တိုက်ကြီး-ဖောင်ကြီးလမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူက တိုက်ကြီး-ဖောင်ကြီး အပိုင်း၌ လမ်းခင်းကျင်းရန် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်တင်ဌေးက လိုအပ်သည်များကို မှာကြားပြီး လမ်းခင်းကျင်းရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မှော်ဘီမြို့နယ် မြောင်းတကာ သံမဏိသံရည်ကျို စက်မှုဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံများအတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်တင်ဌေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ယာဉ်မတော်တဆမှု လျှော့နည်းကျဆင်းရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်တင်ဌေးနှင့် တိုင်းမှူးတို့က လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ဌေးသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်တင်ဌေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိခဲ့သော မသန်စွမ်းသူများအား ထောက်ပံ့ကြေးငွေများကို ပေးအပ်ကြပြီး ဗိုလ်ချုပ်တင်ဌေးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဗိုလ်ချုပ်တင်ဌေးသည် ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ခင်းကျင်းပြသထားသည့် လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများနှင့် အရေးပေါ်လူနာတင် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိခဲ့သော မသန်စွမ်းသူတစ်ဦးအား ထောက်ပံ့ကြေးငွေ ပေးအပ်စဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၀-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၁၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၅ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၆)**
- ၅း၅၅ ၁၀။ ဘယ်လိုမဲပေးကြမှာလဲ
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၁၄)
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ အနုပညာရှင်၏တစ်နေ့တာ
- ၂၃။ ကုန်သွယ်သုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၁၈)**
- ၂၆။ ဂီတရင်ခုန်သံ
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

၂၀၁၁ ပညာသင်နှစ်အတွက် ACCA -CAT ဘာသာရပ်များ စတင်လျှောက်ထားနိုင်

ရန်ကုန် အောက်တိုဘာ ၂၀

ACCA သည် Finance, Accounting တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု လက်မှတ်ဖြစ်ပြီး ACCA ပြီးဆုံးရန် ၁၄ ဘာသာဖြေဆိုရန် လိုအပ်သည်။ ၂၀၁၁ ပညာသင်နှစ်အတွက် ACCA ဘာသာရပ်များ သင်ကြားပို့ချရာတွင် နာမည်ကြီးသော KAPLAN, SAA Global Education တို့တွင် ပညာသင်ကြားလိုသူများ CROWN Education တွင် စတင် လျှောက်ထားနိုင်ပြီဟု သိရသည်။

ACCA ဘာသာရပ်များကို သင်ယူနိုင်သော ကျောင်းများစွာရှိသည့်အနက် စင်ကာပူနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအဖွဲ့အစည်း၏ တရားဝင်လေ့ကျင့်သင်ကြားရေးကျောင်းဖြစ်သော SAA Global Education နှင့် စာရင်းအင်းပညာနှင့်ပတ်သက်၍ ကျောင်းသားအများစု လေ့လာသင်ကြားလျက်ရှိသော Kaplan Singapore တို့တွင် ACCA ဘာသာရပ်များကို မြန်မာကျောင်းသားအများစု လေ့လာသင်ယူကြောင်း သိရသည်။

ACCA ဘာသာရပ်များထဲမှ F9 အထိ ဖြေဆိုအောင်မြင်ပြီးသူများ အနေဖြင့် စကားလုံး ၆၅၀၀ ခန့် ပါဝင်သော Research and Analysis Project တင်ပြအောင်မြင်ပါက Oxford Brooks University မှ B.Sc (Hons) in Applied Accounting ရရှိနိုင်သည့် အခွင့်အရေးရှိသည်ဟု သိရသည်။ ACCA ကို ဘွဲ့တစ်ခုရထားပြီးမှလေ့လာလျှင် ပိုပြီးသင့်တော်ကြောင်း၊ စင်ကာပူ Spass လျှောက်ထား၍ ဘွဲ့တစ်ခုရထားမှ ခွင့်ပြုချက်ရနိုင်ကြောင်း၊ ACCA Fundamental ပြီး၍ သုတေသနပရောဂျက်တင်ပြီး B.Sc (Hons) in Applied Accounting လျှောက်ထားနိုင်သူများ ရှိသော်လည်း အရေအတွက်နည်းသေးကြောင်း သိရသည်။

Certified Accounting Technician- CAT ဘာသာရပ်များတွင် Introductory Level, Intermediate Level, Final Level ဟု အဆင့်သုံးဆင့်ရှိပြီး စုစုပေါင်း ဘာသာရပ်ကိုးခု လေ့လာဖြေဆိုရမည် ဖြစ်သည်။ CAT ဖြေဆိုအောင်မြင်ပြီးသူများ အနေဖြင့် ACCA ကိုဆက်လက် တက်ရောက်မည်ဆိုလျှင် Knowledge Level မှ သုံးဘာသာ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ ၂၀၁၁ မှစ၍LCCI(III) ပြီးဆုံးထားသူများအနေဖြင့် UK မှတိုက်ရိုက်ချီးမြှင့်မည့် Diploma in Accountancy and Business ကို ခြောက်လအတွင်း စျေးနှုန်းသက်သာစွာဖြင့် SAA တွင် တက်ရောက်ရယူနိုင်သည်ဟု သိရသည်။

ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် Student Pass ရရှိရန်အတွက် သုံးဘာသာ ကျောင်းအပ်ရန် လိုအပ်ပြီး စာမေးပွဲဖြေဆိုချိန်တွင် သင့်တော်သည့် ဘာသာရပ်များကိုသာ စာမေးပွဲကြေးသွင်း၍ ဖြေဆိုနိုင်သည်။ ကျောင်းလျှောက်ထားမည့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် CROWN Education တွင် ကျောင်းလျှောက်ထားပြီးပါက အထောက်အကူပြု သင်တန်းများဖြစ်သည့် (၁)Job Hunting in Singapore၊ (၂)English for Accountant စသည့် သင်တန်းများ အခမဲ့ တက်ရောက်နိုင်သည်။

လျှောက်ထားလိုသူများနှင့် အသေးစိတ်သိရှိလိုပါက CROWN Education ၂၂၈-၂၂၉၊ Summit Park View Hotel ဖုန်း-၂၁၁၈၈၈(Ext- ၂၂၈/၂၂၉)နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ ရက်ပြောင်းရွှေ့ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များဟောပြောပွဲကို Parami Foundation ၏ ကူညီပံ့ပိုးမှုဖြင့် အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပရန် ရှိသော်လည်း အဘိဓမ္မာနေ့ (သီတင်းကျွတ်လပြည့်) ဖြစ်နေ၍ အောက်တိုဘာ ၃၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ပြီး စာရေးဆရာ ကိုကိုလှိုင်(နိုင်ငံတကာရေးရာသုတေသီ)က “ အင်အားကြီးဖြစ်လာနေသည့် အိန္ဒိယနိုင်ငံ၏ စိန်ခေါ်မှုများနှင့်အလားအလာ” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ဝကျွန်းပေါ်ဒေသများ မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့တွင် သုည ဒသမ ၉၉ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မြဝတီမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ သာစည်မြို့တွင် ၂ ဒသမ ၃၁ လက်မ၊ ပခုက္ကူမြို့တွင် ၂ ဒသမ ၂၁ လက်မနှင့် ရန်ကုန်(မင်္ဂလာဒုံ)မြို့တွင် ၂ ဒသမ ၀၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကလေးမြို့နယ် ထွေ/အုပ် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်

ကလေး အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းအမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီခွဲက ကလေးမြို့ နေရဋ္ဌရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဌေးလွင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စာရေးဝန်ထမ်း သင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် မူးမြစ်ရေဝင်ရောက်ခဲ့သည့် လယ်းတံတားများ၏ ကြံ့ခိုင်မှုအခြေအနေကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် အောက်တိုဘာ ၁၅ ရက်တွင် မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း စစ်ကိုင်းတိုင်းဒေသကြီးအသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌက အသင်းခွဲဖွဲ့စည်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

တိုင်းမှူးသည် အောက်တိုဘာ ၁၆ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် မြင်းမူမြို့နယ် ညောင်ပင်ဝန်းကျေးရွာအနီး မူးမြစ်ရေဝင်ရောက်ခဲ့သော ရေကျော်နှင့်လမ်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးသည် ညောင်ပင်ဝန်းတံတား ကြံ့ခိုင်မှုအားစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥဿာအသင်းတိုက်စစ်ကို ဇွဲကပင်နောက်ခံလူ ညွန့်ဝင်း ခေါင်းတိုက် ဖျက်ထုတ်စဉ်။

ဥဿာယူနိုက်တက်အသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၂၀

2010 MFF Max Cement Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ စတုတ္ထ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥဿာယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့သည် ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဥဿာယူနိုက်တက်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဥဿာယူနိုက်တက် - လေးဂိုး
ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး

အမှတ်ပေးပြိုင်ပွဲတွင် အဆင့် (၆) နေရာအထိ ရောက်လာသည့် ဥဿာယူနိုက်တက်အသင်းမှာ ယခုရှုံး/ထွက်ပြိုင်ပွဲတွင်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ဥဿာယူနိုက်တက်အသင်းမှာ ပထမပိုင်းတွင် ဇွဲကပင်အသင်း၏ ကစားပုံ ကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ခြေအသာဖြင့် ကစားကာ အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် ဥဿာယူနိုက်တက်အသင်းမှာ လူစုံထုတ်ကစားခဲ့ပြီး ပွဲစကတည်းက ဇွဲကပင်အသင်းဘက်သို့ တိုက်စစ်ဆင်ကစားခဲ့သည်။ ၁၆ မိနစ်တွင် အောင်ဖြိုးမြင့်၏ ဖြတ်တင်ဘောမှ တစ်ဆင့် ကွင်းလယ်လူ ဂျူနီယာက ခေါင်းတိုက်၍ ဂိုးစတင်သွင်းယူခဲ့ပြီး သုံးမိနစ်အကြာတွင် မိုင်းအိုက်နိုင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ဥဿာအသင်းနှစ်ဂိုး ဆက်ရရှိသွားသည်။ ဇွဲကပင်အသင်းမှာနှစ်ဂိုးဆက်ပေးလိုက်ရသော်လည်း စိတ်ဓာတ်မကျဘဲ တိုက်စစ်ပြန်ဆင်ရာ ၂၇ မိနစ် နှင့် ၃၆ မိနစ်တို့တွင် အောင်ဇော်လတ်က ချေပဂိုးများ ပြန်လည်သွင်းယူခဲ့ရာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးစီသရေကျနေသည်။

ဒုတိယပိုင်းတွင် ဇွဲကပင်တို့ ကြိုးစားသော်လည်း ကစားအားကျသွား၍ ဥဿာအသင်းက ခြေအသာဖြင့် ကစားသွားနိုင်ခဲ့သည်။ ဥဿာယူနိုက်တက်အသင်းသည် ဇွဲကပင်အသင်း၏ ခံစစ်ပိုင်းအားနည်းမှုကို အခွင့်ကောင်းယူကာ ၅၂ မိနစ်နှင့် မိနစ် ၈၀တို့တွင် တိုက်စစ်မှူး မိုင်းအိုက်နိုင်က အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အောက်တိုဘာလ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ Southern Myanmar အသင်းနှင့် ဧယျာရွှေမြေအသင်း၊ အောင်ဆန်းကွင်း၌ ကမ္ဘောဇအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

မိတ်ကပ် ခင်စန်းဝင်းအား Shine Khant Co.,Ltd. ၏ Director ဦးခင်မောင်စိုး အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

Shine Khant ရေမွှေးနှင့် အလှကုန်မှ Golden Rose & Classic Products များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

တူရကီနိုင်ငံမှ ထုတ်လုပ်သည့် Golden Rose & Classic Products များ၏ ကုန်ပစ္စည်း မိတ်ဆက်ခြင်းနှင့် သရုပ်ပြအခမ်းအနား အစီအစဉ်ကို အောက်တိုဘာ ၁၅ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့် စာနယ်ဇင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် Shine Khant Co., Ltd. ၏ General Manager ဦးဇော်မင်းစိုးက မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ မိတ်ကပ်ခင်စန်းဝင်းက မော်ဒယ်သရုပ်ဆောင်အေးမြတ်သူအား Golden Rose Products များ ပရိသတ်ရှေ့မှောက်၌ လက်တွေ့လိမ်းခြယ်သရုပ်ပြခဲ့ပြီး သရုပ်ဆောင် ပုလဲဝင်းအား Classic မိတ်ကပ်ဖြင့် လိမ်းခြယ်ပြသခဲ့သည်။

ထို့နောက် ဝတ်စုံဖန်တီးပေးထားသည့် ဒီဇိုင်နာ မချောစုနှင့် ဖြိုးပြည့်၊ မိတ်ကပ်လိမ်းခြယ်ပေးသည့် မိတ်ကပ် ခင်စန်းဝင်း၊ အဆိုပါ အခမ်းအနားဖြစ်မြောက်ရန် တာဝန်ယူစီစဉ်ပေးသည့် ဦးချိုကြီး (Super Star Model Agency) တို့အား Shine Khant Co., Ltd ၏ Director ဦးခင်မောင်စိုးက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်သွယ်နိုင်

ဆက်လက်၍ရောင်းအားအကောင်းဆုံး ကုန်သည်ကြီး ၁၀ ဦးအား ဆုချီးမြှင့်ပြီး ကံစမ်းမဲများ ပေးအပ်ချီးမြှင့်သည်။ Shine Khant Co., Ltd.မှာ မြန်မာနိုင်ငံ၌ ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး Branded Perfume များကို စတင်ရောင်းချကာ ဩစတြေးလျနိုင်ငံမှ Restoria တံဆိပ် Hair Series များအား ရောင်းချခဲ့ကြောင်း၊ ၂၀၀၈ခုနှစ်၌ Golden Rose & Classic အမှတ်တံဆိပ် အလှကုန်များအား တင်သွင်းဖြန့်ချိခဲ့ကြောင်း၊ အဆိုပါ Golden Rose & Classic အလှကုန်များအား တူရကီနိုင်ငံ၌ Quality Control System ဖြင့် ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၇၇ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အရည်အသွေး မြင့်မားပြီး ဈေးနှုန်းသင့်တင့်သော အဆိုပါ အလှကုန်များအား ဆက်သွယ်မှာယူလိုပါက အမှတ်(၄၃) A ပထမထပ် (၈၇)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၉၀၈၁၊ ၃၉၉၁၇၆၊ ၀၉-၈၀၃၂၉၄၃နှင့် ၀၉-၅၁၈၅၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



❑ရှေ့ဖုံးမှ

ကျန်ဆည်ရေများနှင့် တစ်ဆက်တည်း ပေါင်းစပ်နေမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်တက်လာပေမည်။ ထိုဒေသတစ်ဝိုက်တွင် နှစ်စဉ် မိုးရေချိန် ၆၇ ဒသမ ၄၄ လက်မ (မင်းလှမြို့) ရွာသွန်းနေသောကြောင့် စီးဝင်ရေအားလည်းကောင်းနေမည်ဖြစ်သည်။ တောင်သူများက စိုက်ပျိုးနည်းပညာကောင်းများဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့ကို ကြိုးစားအားထုတ်သွားကြမည်ဖြစ်သည်။

မုက္ခာရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပါက ပဲခူးရိုးမအနောက်ခြမ်းတစ်ခွင် စပါးနှင့် သီးထပ်သီးညှပ်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မုက္ခာရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း၌ မြေကြီးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၀-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၀၀ ၇။ အကပဒေသာ
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ "ကိုစိန်နဲ့ ကိုယ်ဝန်ဆောင်မိခင်"
- ၈း၃၀ ၁၀။ ဝါကျွတ်တေးများ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် နေပြည်တော် F.C)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၄၀ ၅။ ဝါကျွတ်တေးများ
- ၅း၅၀ ၆။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင် (ဖားသူငယ်တို့ ပျော်ရာကမ္ဘာ) (အပိုင်း-၂)
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ **ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၈) (သူရလင်း၊နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ဇင်မျိုး) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၅)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (အပိုင်း-၂၇)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၃)**
- ၁၉။ အစီအစဉ်ပြီး၏။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးစပ်ထုတ်လုပ်သော စပါးမျိုးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦး စပါးမျိုးသစ်များ အကဲဖြတ်ရွေးချယ်ပွဲသို့ တက်ရောက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော်　　အောက်တိုဘာ　　၂၀

နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်ရှိ ဆည်ရေသောက်ဒေသတို့၌ စိုက်ပျိုးသည့် သက်လျှင်စပါးမျိုးများ၊ မိုးရေသောက်ဒေသများ၌ စိုက်ပျိုးသည့် စပါးမျိုးများနှင့် ရေအနည်းငယ်မျှဖြင့် စိုက်ပျိုးဖြစ်ထွန်းသည့် သက်လျှင်စပါးမျိုးများ၊ ဆားငန်ဒဏ်ခံနိုင်သည့် စပါးမျိုးသစ်များကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များက ထုတ်လုပ်ခဲ့ရာ ယင်းစပါးမျိုးသစ်များအား ဒေသခံတောင်သူများက အကဲဖြတ်ရွေးချယ်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသုတေသနစိုက်ခင်းများ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်၍ ဒေသခံတောင်သူများနှင့်အတူ စပါးမျိုးသစ်များ ရွေးချယ်ပေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ သုတေသနပညာရှင်များက မျိုးသစ်ထုတ်လုပ်ထားသော စပါးမျိုးများ ရွေးချယ်စိုက်ပျိုးပြီး လူမှုစီးပွားမြင့်မားတိုးတက်အောင် ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒေသခံတောင်သူများနှင့်အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးစပ်ထုတ်လုပ်၍ ဒေသမျိုးများထက် အထွက်နှုန်းကောင်းသည့် ကောက်ညှင်းငချိပ်မျိုးများကို ကြည့်ရှုသည်။

ဆက်လက်၍ အမွှေးနံ့ပါသော မနောသုခ မျိုးသန့်စပါးစိုက်ခင်း၊ လုံးသွယ်မွှေးနှင့် ထွန်းသီရိတို့ကို မျိုးစပ်ထားသည့် သက်လျှင်ရွှေပြည်ဌေး စပါးမျိုးစိုက်ခင်း၊ ငစိန်အစားထိုးစိုက်ပျိုးနိုင်သည့် ရေဆင်းလုံးသွယ်မွှေးနှင့် သက်လျှင်စပါးမျိုးများ ဖြစ်ကြသည့် ရတနာတိုးစပါး၊ ကုန်းမြင့်(၄) ယာစပါးနှင့် ဆင်းနွယ်ရင်စပါးမျိုးစိုက်ခင်းများ၊ ရွက်ခြောက်ရောဂါဒဏ်ခံနိုင်သည့် စပါးမျိုး၊ ဆားငန်ဒဏ်ခံနိုင်သည့် စပါးမျိုးစိုက်ခင်းများကို ကြည့်ရှုပြီး ဝန်ကြီးက အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးရေး၊ မြေသြဇာအသုံးပြုမှုနည်းပါးအောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ အသုံးပြုစိုက်ပျိုးရေး၊ နည်းစနစ်မှန်ကန်အောင် စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူများနှင့် သုတေသနပညာရှင်များသည် မျိုးရွေးချယ်မှုကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လော်ကားဥယျာဉ်အား သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်မည်

ရန်ကုန်　　အောက်တိုဘာ　　၂၀

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း အောက်တိုဘာ ၂၃ ရက် (သီတင်းကျွတ်လပြည့်နေ့)နှင့် အောက်တိုဘာ ၂၄ ရက်(လပြည့်ကျော် ၁ ရက်)တို့တွင် အများပြည်သူစိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း၊ ပြည်သူများ လော်ကားဥယျာဉ်သို့ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အောက်တိုဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လှည်းတန်းမှတ်တိုင်(ပြည်လမ်း)မှ လော်ကားဥယျာဉ်သို့ နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီအထိ Sight Seeing Bus နှစ်စီးဖြင့် လှည်းတန်းမှ လော်ကားသို့ နံနက် ၇ နာရီ၊ ၈ နာရီနှင့် ၁၀ နာရီ၊ လော်ကားမှ လှည်းတန်းသို့ ညနေ ၃နာရီ၊ ၅ နာရီနှင့် ၆ နာရီတို့တွင် ခရီးစဉ်အတိုင်း ခေါက်ပြန်ကြိုပို့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၀၀၀၅၂၊ ၆၀၀၀၅၄၊ ၆၀၀၀၅၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမက(၁၅) ကမာရွတ်ကျောင်း အဝင်လမ်းဖွင့်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဒေါက်တာအောင်မော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၀)**
- ၇း၃၀ **MRTV-4** သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၇)**
- ၈း၅၀ အညာမြေအလှနှင့် ရေနံမြေမှ သာသနာ
- ၉း၀၅ Activities In The City -Myanmar Digital Art Studio ၏ လက်တွေ့သင်ကြားနေမှုများ -Evolis Card Printers များ မိတ်ဆက်ပေးခြင်းအခမ်းအနား
- ၉း၃၀ Science For All (ချူကလီးယားစွမ်းအင်နှင့်ရေဒီယိုသတ္တိကြွရောင်ခြည်အန္တရာယ်) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ထွန်းနေစိုး)
- ၉း၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘာမီတွန်"
- ၁၀း၁၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့ . . . သစ်မွှေးစိုက်ကြစို့
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ The Champion of Dance
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (၂၁ ကြိမ်မြောက်စန္ဒိမာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၉)
- ၁၂း၀၅ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ (အပိုင်း-၂) [ပါမောက္ခဒေါက်တာ တင့်ဆွေလတ်၊ ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် [ရန်ကုန်ခရီးသွားဂျာနယ်(၂)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဝတ္ထုတိုပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနား]
- ၁း၀၀ "ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Activities In The City -Myanmar Digital Art Studio ၏ လက်တွေ့သင်ကြားနေမှုများ -Evolis Card Printers များ မိတ်ဆက်ပေးခြင်းအခမ်းအနား
- ၂း၅၀ မီးပုံးလှလှလုပ်ကြရအောင်
- ၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် (၂၁ ကြိမ်မြောက်စန္ဒိမာ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၀)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၇)**
- ၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (အိမ့်ချစ်)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၉)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၁)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ စကားနပန်း (ရုပ်ချောတာကောင်းတယ်၊ ရုပ်ဆိုးတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၈)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘာမီတွန်"
- ၁၁း၁၀ ဂီတသရုပ်ပြခန်း (ဘောလုံးဘုရင်မဝါကာဝါကာ)
- ၁၁း၃၀ သင်ယူလေ့လာဂီတပညာ (Vocal Training Module 02)
- ၁၁း၅၅ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ (အပိုင်း-၂) [ပါမောက္ခဒေါက်တာ တင့်ဆွေလတ်၊ ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် [ရန်ကုန်ခရီးသွားဂျာနယ်(၂)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဝတ္ထုတိုပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနား]
- ၁၂း၄၅ နှစ်စဉ်ဝင်ငွေတိုးစေဖို့ . . . သစ်မွှေးစိုက်ကြစို့
- ၁း၁၅ မီးပုံးလှလှလုပ်ကြရအောင်
- ၁း၂၅ ကျော်သွားမှာလား. . . ဖော်စားမှာလား (ခန့်စည်သူ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင်) (ဒါရိုက်တာ-အကယ်ဒမီမလိခ စိုးထိုက်အောင်)
- ၁း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁း၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
- ၂း၃၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၂း၄၀ ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ပတ္တရားကမ်းခြေ
- ၄း၁၀ ငြိမ့်ညောင်းသာယာစောင်းပညာ
- ၄း၄၀ အညာမြေအလှနှင့်ရေနံမြေမှ သာသနာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်းစိန်စက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန်　　အောက်တိုဘာ　　၂၀

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်ခမ်းမရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး(၈၂) ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့်(၇၉) ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးတင်မောင်လွင်(၈၃) ဖုန်း-၀၉-၅၀၅၀၄၉၃၊ ဦးလှသိန်း(၈၀) ဖုန်း-၀၉-၅၀၉၂၉၇၅၊ ဦးမြဦး(၇၉) ဖုန်း-၀၉-၅၀၃၁၅၃၈၊ ဦးအေးနိုင်(၇၄) ဖုန်း-၀၉-၅၀၆၀၈၉၇ နှင့် ဦးအောင်အောင်ဝင်း(၉၆) ဖုန်း-၀၉-၅၀၃၃၅၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာအားကစား　နိုင်ငံတကာအားကစား　နိုင်ငံတကာအားကစား　ဝင်းတင်(ကြေးမုံ)

အမ်းမရိတ်တွင် အာဆင်နယ်ဂိုးပြတ်အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃) ပထမနေ့ ပွဲစဉ်များ

လန်ဒန်　　အောက်တိုဘာ　　၂၀

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အမ်းမရိတ်တွင် အာဆင်နယ်ဂိုးပြတ်အနိုင်ရခဲ့ပြီး အုပ်စုကို ကျော်ဖြတ်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

အာဆင်နယ် ၅-၁ ရှက်တာဒိုးနက်

အာဆင်နယ်အသင်းတွင် ဖာဘရီဂက်စ်၊ ရိုဆစ်စကီး၊ နာဆရီတို့ဖြင့် လူစုံခဲ့ပြီး အမ်းမရိတ်တွင် ရှက်တာဒိုးနက်ကို အသာစီးရယူကာ ကစားသွားနိုင်ခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ပွဲချိန် ၁၉ မိနစ်တွင် ဆောင်း၊ ၄၂ မိနစ်တွင် နာဆရီ၊ မိနစ် ၆၀ တွင် ဖာဘရီဂက်စ်(ပယ်နယ်တီ)၊ ၆၆ မိနစ်တွင် ဝီရှိုင်းယားနှင့် ၆၉ မိနစ်တွင် ချာမက်ခ်တို့က သွင်းယူခဲ့သည်။ ဧည့်သည်ရှက်တာဒိုးနက်အတွက် တစ်လုံးတည်းသော နှစ်သိမ့်ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူးဟောင်း အဂွါဒိုက သွင်းယူပေးခဲ့သည်။

အာဆင်နယ်အတွက် တတိယဂိုးကို ဖာဘရီဂက်စ် ပယ်နယ်တီမှ သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရီးယဲလ်မက်ဒရစ် ၂-၀ အေစီမီလန်

ရီးယဲလ်မက်ဒရစ် အသင်းတွင် ကာကာမှလွဲ၍ ဟီဂွါရင်၊ စီရော်နယ်လ်ဒို၊ ဒီမာရီယာ၊ အိုဇေးလ်၊ အလွန်ဆိုတို့နှင့် လူစုံခဲ့သည်။ အေစီမီလန်တွင် ရိုနယ်ဒင်ဟို၊ အီဗရာဟီမိုဗစ်ချ်၊ ပါတို၊ ပီယာလို၊ ဂတ်တူဆိုတို့ဖြင့် လူစုံခဲ့သော်လည်း သက်ကြီးပိုင်း ကစားသမားအများစု ပါဝင်နေခြင်းကြောင့် ရီးယဲလ်မက်ဒရစ်ကို ယှဉ်နိုင်ခြင်းမရှိဘဲ နှစ်ဂိုးပြတ်ဖြင့် အရှုံးပေးလိုက်ရသည်။ ရီးယဲလ်မက်ဒရစ်အတွက် ဂိုးများကို ပထမပိုင်းပွဲချိန် ၁၃ မိနစ်တွင် စီရော်နယ်လ်ဒိုက အလွတ်တည်ကန်ဘောမှ ပထမဂိုးနှင့် ၁၄ မိနစ်တွင် အိုဇေးလ်က ဒုတိယဂိုးတို့ကို သွင်းယူခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အခြားပွဲစဉ်ရလဒ်များ

အိုင်းယက်စ်	၂-၁	အော်ဇေး
ဘိုင်ယန်မြူးနစ်	၃-၂	ကလူ့ချ်
ဘရာဂါ	၂-၀	ပါတီဇန်
မာဆေးလ်	၁-၀	ဇီလီနာ
ရိုးမား	၁-၃	ဘေဆယ်
စပါးတပ်မော်စကို	၀-၂	ချဲလ်ဆီး

ရီးယဲလ်မက်ဒရစ်အတွက် ဦးဆောင်ဂိုးကို စီရော်နယ်လ်ဒို အလွတ်တည် ကန်ဘောမှ သွင်းယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အရှေ့တောင်အာရှနှင့် အာရှဖိတ်ခေါ်ကာယဗလတံခွန်စိုက်ပြိုင်ပွဲ မြန်မာ ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု ရရှိ

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၁၀ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သော 2010 WORLD, ASIAN & SEA BODYBUILDING & PHYSIQUE SPORTS CHAMPIONSHIPS ပြိုင်ပွဲတွင် မြန်မာ ကာယဗလ အားကစားသမားသုံးဦးက အရှေ့တောင်အာရှနှင့် အာရှဖိတ်ခေါ် တံခွန်စိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု ရရှိ၍ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

ပြိုင်ပွဲကို WORLD, BODYBUILDING & PHYSIQUE SPORTS FEDRATION နှင့် ASIAN, BODYBUILDING & PHYSIQUE SPORTS FEDRATION တို့၏ ကြီးကြပ်မှုဖြင့် စင်ကာပူသမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့အဆင့် ပြိုင်ပွဲများအပါအဝင် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲဝင်နိုင်ငံ ၂၁ နိုင်ငံမှ ကာယဗလမောင် ၁၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနှင့် အာရှကာယဗလ တံခွန်စိုက်ပြိုင်ပွဲများတွင်သာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲ၌ အငယ်တန်း ကိုယ်အလေးချိန် ၆၀ ကီလိုတွင် ထွန်းဝင်းနိုင်၊ အကြီးတန်း ၆၀ ကီလိုတွင် ထွန်းမင်းနှင့် ၈၀ ကီလိုတွင် အောင်ဆွေနိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြရာ ထွန်းဝင်းနိုင်နှင့် အောင်ဆွေနိုင်တို့က ပထမရွှေတံဆိပ်နှစ်ဆုရယူခဲ့ပြီး ထွန်းမင်းက ဒုတိယ ငွေတံဆိပ်တစ်ခု ရရှိကာ ဗီယက်နမ်က ရွှေသုံး၊ ငွေတစ်ဖြင့် ပထမ၊ မြန်မာနိုင်ငံက ရွှေနှစ်၊ ငွေတစ်ဖြင့် ဒုတိယရရှိ၍ အိမ်ရှင်စင်ကာပူနိုင်ငံက ရွှေတစ်၊ ကြေးတစ်ဖြင့် တတိယရရှိခဲ့သည်။

အာရှဖိတ်ခေါ် ကာယဗလပြိုင်ပွဲများမှာ အလွတ်တန်းဖြစ်၍ အငယ်တန်းပြိုင်ပွဲတွင် ထွန်းမင်းနိုင်က ဆဋ္ဌမအဆင့်ရရှိပြီး အကြီးတန်းပြိုင်ပွဲတွင် အောင်ဆွေနိုင်က ဒုတိယငွေတံဆိပ်ရရှိခဲ့သည်။ ယူအေအီးနိုင်ငံက ရွှေတစ်၊ငွေတစ်ဖြင့် ပထမ၊အိန္ဒိယနိုင်ငံက ရွှေတစ်ခုဖြင့် ဒုတိယနှင့် မြန်မာနိုင်ငံက ငွေတစ်ခုဖြင့် တတိယရရှိခဲ့သည်။

မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်အခါ ကာယဗလ အားကစားပြိုင်ပွဲ၌ ယခုထက် ပိုမိုအောင်မြင်မှုရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသော 2010 WORLD, ASIAN & SEA BODYBUILDING & PHYSIQUE SPORTS CHAMPIONSHIPS အရှေ့တောင်အာရှနှင့် အာရှဖိတ်ခေါ် တံခွန်စိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ဆု ၊ ငွေတံဆိပ် နှစ်ဆုရ မြန်မာကာယဗလ အားကစားသမားသုံးဦးအား ဆုလက်ခံအပြီး တွေ့ရစဉ်။
(မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်)



အောက်တိုဘာ ၁ရက်က တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ (၄၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မှုခင်းကျဆင်းရေးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်သော မြို့နယ် သုံးမြို့နယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)၏ ကမ္ဘာ့သင်္ဘောလုပ်ငန်းအကြောင်း သိကောင်းစရာအဖြာဖြာစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၀

စာရေးဆရာ ပါမောက္ခ ဦးကျော်ညွန့် (ငြိမ်း)၏ ကမ္ဘာ့သင်္ဘောလုပ်ငန်း အကြောင်း သိကောင်းစရာအဖြာဖြာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

ယင်းစာအုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလီယံကမ္ဘာ့ရေကြောင်း တက္ကသိုလ် (I.M.O ကမ္ဘာ့ရေကြောင်းသွားလာရေးအဖွဲ့ချုပ်၏ဌာနခွဲ)တွင် နိုင်ငံတကာဥပဒေ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စာရေးသူ၏ အသိအမြင် အတွေ့အကြုံများအပေါ် အခြေခံပြုစုထားသော စာအုပ်ဖြစ်သည်။ ကမ္ဘာ့သင်္ဘောသွားလာရေးနှင့် ဆက်စပ်နေသည့် မြန်မာ့သင်္ဘောရေကြောင်းလုပ်ငန်း အသီးသီးတွင် တာဝန်ထမ်းဆောင်ကြသူများ၊ မြန်မာ့ရေကြောင်းလုပ်ငန်းကုမ္ပဏီများ၊ ဝန်ထမ်းများ၊ မန်နေဂျာများ၊ ကုန်သွယ်ရေကြောင်း အရာရှိများ လုပ်ငန်းခွင် ဝင်ရောက်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ပြီး အမြော်အမြင်ရှိရှိ စဉ်းစားဆုံးဖြတ် လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ပြုစုထားသော စာအုပ်ဖြစ်သည်။

ယနေ့ ကြီးပွားတိုးတက် ချမ်းသာနေကြသော နိုင်ငံများသည် ကုန်သွယ်ရေကြောင်း ပို့ဆောင်ရေးတွင် ရှေ့တန်းမှ ဦးဆောင်နေကြသည်။ စင်ကာပူ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန် စသည်ဖြင့် ဖွံ့ဖြိုးသည့် နိုင်ငံများသည် ကမ္ဘာ့အရေးကြီးဆုံး ဆိပ်ကမ်းများ ပိုင်ဆိုင်ထားကြသလို ကုန်သွယ်သင်္ဘောများ ရာနှင့်ချီ ပိုင်ဆိုင်ထားသည့် နိုင်ငံများဖြစ်သည်။ ကုန်သွယ်ရေကြောင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများနှင့်အတူ ပြဿနာများလည်း ပေါ်ပေါက်တတ်ရာ ထိုပြဿနာအခက်အခဲများကို နည်းမှန်လမ်းမှန်နှင့် တရားမျှတစွာ ဖြေရှင်းတတ်ရန်လိုသည်။ ထို့အတွက် နိုင်ငံတကာ ရေကြောင်းဆိုင်ရာ လုပ်ငန်းဆောင်တာ အဝဝကို သိရှိနားလည်ပြီး စီစဉ်တကျ ဆောင်ရွက်နိုင်ရန်နှင့် ပြဿနာများ ပေါ်ပေါက်လာပါကလည်း ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြုစုထားခြင်းဖြစ်သည်။

သင်္ဘောငှားရမ်းစာချုပ်၊ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းနှင့် ရေကြောင်းပွဲစားလုပ်ငန်း၊ သင်္ဘောပိုင်ရှင်များ၏ တရားမကြောင်း ဥပဒေအရ တာဝန်ရှိမှုများ၊ ကွန်တိန်နာသင်္ဘောလုပ်ငန်း၊ ရေကြောင်းအာမခံကိစ္စ၊ သင်္ဘောတည်ဆောက် မွမ်းမံခြင်းစာချုပ်ပါ စည်းကမ်းများ စသည်ဖြင့် သိကောင်းစရာများကို စာအုပ်တစ်အုပ်တည်းတွင် ပြည့်ပြည့်စုံစုံ စုစည်းတင်ပြထားသဖြင့် အသိပညာ တိုးမြှင့်လိုသူများအတွက်လည်း အကျိုးများမည့် အဆိုပါစာအုပ်ကို Wisdom House အမှတ်(၁၀၁) တိုက် (၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃ နှင့် ၀၁-၅၄၅၀၃၆ မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ်၂၅၀၀ ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ပုဆိန်တံဆိပ် လေဆေးဆီ ပါဝင်ပြသရောင်းချမည်

ရန်ကုန် အောက်တိုဘာ ၂၀

Smart Business Group မှ မန္တလေးမြို့တွင် အောက်တိုဘာ ၂၀ရက်မှ ၂၄ရက်အထိ ကြီးမှူးကျင်းပမည့် Mandalay Expo 2010 တွင် Golden Palace Enterprises Limited မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော ပုဆိန်တံဆိပ်လေဆေးဆီ ပါဝင်ပြသ ရောင်းချမည်ဖြစ်သည်။

ပုဆိန်တံဆိပ်လေဆေးဆီသည် ပင်ရင်းနိုင်ငံ စင်ကာပူဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၈၀ခန့် ၁၉၂၈ ခုနှစ်က စတင်ထုတ်လုပ်၍ ယခုအခါ တရုတ်၊ ဟောင်ကောင်နှင့် အရှေ့အလယ်ပိုင်းဒေသများ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်၌ အရောင်းရဆုံး လေဆေးဆီအဖြစ် တည်ရှိသည်။ သဘာဝဆေးပင်များဖြစ်သည့် ယူကလစ်၊ မင်သော်၊ ပရုတ်တို့ကို အဓိကထားပြီး သိပ္ပံနည်းကျစွာ ဖော်စပ်ထားသည့်အတွက် အရည်အသွေးနှင့် အာနိသင် အထူးကောင်းမွန်၍ ဆေးအနည်းငယ်သုံးရုံဖြင့် အာနိသင်ထိရောက်မှုရှိပြီး ထူးခြားသည့် ဖော်စပ်နည်းဖြင့် ဖော်စပ်ထားသည့်အတွက် သင်းပျံ့သည့်ရနံ့ရှိကာ စိတ်ကိုကြည်လင်လန်းဆန်းစေသည့်အတွက် ခေါင်းမူး ခေါင်းကိုက်ခြင်းများနှင့် အအေးမိခြင်းတို့အတွက် ချက်ချင်း သက်သာပျောက်ကင်းစေသည်။

မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခရီးပန်းမူးမော်အော့အန်ခြင်း၊ အအေးမိနှာစေးခြင်း၊ဗိုက်ရစ်အော့အန်ခြင်း၊ အရိုးအကြောအဆစ်အမြစ်ကိုက်ခဲခြင်း၊ ပိုးမွှားကိုက်ခြင်း၊ ခြင်ကိုက်ခြင်းတို့အတွက် လိမ်းလျှင်လိမ်း၊ ရှူလျှင်ရှူ သုံးစွဲနိုင်သည်။ ကလေးများတွင်ဖြစ်တတ်သော ဗိုက်ရစ်ဗိုက်နာခြင်း၊ နှာရည်ယိုနှာစေးခြင်း၊ အပြင်ထွက် အလုပ်လုပ်ရသော လူငယ်ပိုင်းတွင် အဖြစ်များသည့် ခေါင်းမူးခေါင်းကိုက်ခြင်း၊ အမျိုးသမီးများတွင် အဖြစ်များသော ဇက်ကြောတက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ လူကြီးများနှင့် တောင်သူလယ်သမားများတွင် အဖြစ်များသော အရိုးအကြော၊ အဆစ်အမြစ် ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ ဒူးနာခြင်းတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အတွက် အိမ်တိုင်းဆောင်ထားသင့်သည့်အရွယ်သုံးပါးမရွေး၊ ချိန်ခါမရွေး အသုံးဝင်သည့် ပုဆိန်တံဆိပ်၊ လေဆေးဆီဖြစ်သည်။

ပုဆိန်လေဆေးဆီအပြင် ပုဆိန်ပန်းနီဆီ၊ ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီလက်ကားဝယ်ယူလိုပါက Golden Palace Enterprises Limited, No-32, Latha Street, Latha Township, Yangon ဖုန်း-၀၁-၃၇၇၉၁၄ နှင့် ၀၉-၉၉၂၃၀၀၄၊ မန္တလေး ဖုန်း-၀၂-၃၅၆၃၁၊ ၀၉-၉၀၅၀၆၅၇ နှင့် အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်၊ စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများ၏ အခြေအနေကို အောက်တိုဘာ ၁၀ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

On-Job Training Course for Post-Harvest Fisheries Technology သင်တန်းဆင်းပွဲ အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ငါးလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းအတတ်သင် သိပ္ပံနှင့် General Food Technology Industry Co., Ltd. တို့ ပူးပေါင်းကျင်းပသော On-Job Training Course for Post-Harvest Fisheries Technology သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ရေးဝန်ထမ်း ၁၈၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဟန်းရှင်လူ ပြည်သူအားလုံး စားသုံးနှစ်ခြိုက် အဲဒါ...ရသာခံပေါက် ကောင်းကြိုက်

KK ကောင်းကြိုက် ရသာခံပေါက် မှ သီတင်းကျွတ်အထူးအစီအစဉ် ၁.၁၀.၂၀၁၀ မှ ၃၀.၁၁.၂၀၁၀ထိ

စေ့စပ်ညှိခံပွဲများ၊ မင်္ဂလာညှိခံပွဲများ၊ အိမ်တက်မင်္ဂလာညှိခံပွဲများ၊ ရှင်ပြုရဟန်းခံပွဲများ နှင့် အခြားညှိခံပွဲအမျိုးမျိုးတို့အတွက် အထူး Promotion

ရှယ်ခံပေါက် ပွဲ(၅၀) လိုက်မှသာ + ရှောက်သီးသနပ်၊ ချဉ်ပေါင်ဟင်းချို သစ္စာရည်၊ ဘာလချောင်ကြော် + ရေခဲမုန့်ခွက် (၅၀) + ကြက်သည်းမြစ်ဟင်း (၁၀)ပွဲ = ရှယ်ခံပေါက် တစ်ပွဲ ကျပ် ၁၆၀၀

ပင်ရင်း-အမှတ်(၁၆)သမိုင်းလမ်းဆုံ ရန်ကုန်-အင်းစိန်လမ်းမကြီး မရမ်းကုန်းမြို့နယ်။
Ph : 651 891, 653 296, 654 030, 522 682, 09 501 2704

ပင်ရင်းနှင့်ဆိုင်ခွဲများအားလုံးတွင် ကြိုတင်အော်ဒါ မှာယူနိုင်ပါသည်။

5% - 50% Discount

၁။
၂။ [illegible]/ Fancy [illegible]
၃။
၄။

Dr,Tin Latt ဦးစီးသင်ကြားသော...MAT Professional Training
Level I, II & III [illegible]
LCCI: Level I, II, III & MYOB
Series 2-2011 & Series 3-2011
Ph: 242431, 246618
No. 355, 2nd & 7th Floor, Thein Phyu Road, Mingalar Taung Nyunt



SUPER
စူပါအနီရောင်ကော်ဖီမစ်
Ph: - (01) 578039 , 381011 , 542823

စူပါ အနီရောင်ကော်ဖီမစ် အိတ်ခွံအကြီး (၁၀) ခု → တီရှပ် (၁) ထည်

အိတ်ခွံအကြီး (၁၅) ခု →

ခလုတ်ထီး အသေး (၁) ချောင်း

အစီအစဉ်ကာလ ကန့်သတ်ထားပါသည်။

အောက်တိုဘာ ၂ရက်က ကောလင်း-ဥက္ကံလမ်းပေါ်ရှိ ခေါပြင်ချောင်းတံတား ပြန်လည်ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဂုဏ်ထူးဆောင်နာယကကြီးများ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းတို့က ကြီးမှူး၍ အသက်(၇၀)မှ အသက်(၉၁)နှစ်အတွင်းရှိ ဂုဏ်ထူးဆောင်နာယကကြီးများအား (၁၅)ကြိမ်မြောက် ပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် (၁၃၇၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်များ မဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီး၊ ပညာသင်နှစ်အသီးသီးမှ ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး လုပ်ငန်းအတွက် မင်္ဂလာလမ်းမကြီး တစ်လျှောက် မီးဆိုင်းများ တပ်ဆင်ဆောင်ရွက်မှု အခြေအနေကို အင်ဂျင်နီယာမှူး ဦးဝင်းမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးသိန်းတန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အမြန်နှုန်းအလွန်မြင့်မားသော ရထားများတည်ဆောက်ရန် တရုတ်သိပ္ပံပညာရှင်များ နည်းပညာသုတေသနပြုလုပ်နေ

နည်းပညာအင်တာနက်သတင်း ဘာသာပြန် - သတင်းလုလင်

ပေကျင်း အောက်တိုဘာ ၂၀

အမြန်နှုန်းအလွန်မြင့်မားသော ရထားတည်ဆောက်ရေးနည်းပညာကို တီထွင်ဖော်ထုတ်နိုင်ရန် သုတေသနလုပ်ငန်းများ အဆင့်သစ်တစ်ရပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ချိုင်းနားဒေးလီးသတင်းစာက အောက်တိုဘာ ၁၉ ရက်တွင် ရေးသားဖော်ပြသည်။

တရုတ် နည်းပညာရှင်များ၏ ရည်မှန်းချက်မှာ တစ်နာရီလျှင် ကီလိုမီတာ ၅၀၀ ကျော် အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်မည့် ရထားအမျိုးအစားသစ်ကို တီထွင်ဖော်ထုတ်နိုင်ရန် ဖြစ်ကြောင်း ဝူဟန်မြို့၌ ကျင်းပသည့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် ရထားလုပ်ငန်းဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဟဲဝှာဝူးက ပြောကြားသည်။

တစ်နာရီလျှင် ကီလိုမီတာ ၄၀၀ မှ ၅၀၀ အထိ ခုတ်မောင်းနိုင်မည့် မြန်နှုန်းမြင့်ရထား တည်ဆောက်ရေး စီမံကိန်း၏ နည်းပညာသုတေသနလုပ်ငန်းများ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီး တစ်နာရီလျှင် ကီလိုမီတာ ၃၈၀ နှုန်းဖြင့် မောင်းနှင်နိုင်မည့် မြန်နှုန်းမြင့်ရထားကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တစ်နာရီလျှင် ၄၁၆ ဒသမ ၆ ကီလိုမီတာနှုန်းဖြင့် ခုတ်မောင်းနိုင်သော CRH-380A အမျိုးအစားရထားကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြန်နှုန်းမြင့်ရထားလမ်း အရှည်လျားဆုံး တည်ရှိသည့် နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံတွင် မြန်နှုန်းမြင့်ရထားခရီးစဉ်များအရ ခုတ်မောင်းနိုင်သောရထားလမ်းအရှည်မှာ ၇၀၅၅ ကီလိုမီတာရှိသည်။

တရုတ်နိုင်ငံလုပ် မြန်နှုန်းမြင့်ရထားအမျိုးအစား သစ်မှာ CRH-380A ဖြစ်ပြီး ယင်းရထားကို စက်တင်ဘာလအတွင်းက စမ်းသပ်ခုတ်မောင်းခဲ့ရာတွင် တစ်နာရီလျှင် ၄၁၆ ဒသမ ၆ ကီလိုမီတာနှုန်းဖြင့် ခုတ်မောင်းနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် အမြန်ဆုံးရထားအဖြစ် စံချိန်သစ် စိုက်ထူနိုင်ခဲ့သည်။

တရုတ်နိုင်ငံတွင် ၂၀၁၂ ခုနှစ်ထက် နောက်မကျဘဲ မြန်နှုန်းမြင့်ရထားလမ်း ကီလိုမီတာ ၁၃၀၀၀ ခန့်အထိ ပေါ်ထွန်းလာရန် အစိုးရက မျှော်မှန်းသည်။ တရုတ်နိုင်ငံရှိ မြို့ကြီးများအားလုံးကို မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်ထားရှိမည်ဖြစ်သည်။

အင်တာနက်။

ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၀ - ၁၀ - ၂၀၁၀)

တပ်ကုန်း	**ခရမ်း**
သုည ဒသမ ၉၉ လက်မ	၂ ဒသမ ၉၅ လက်မ
ဟုမ္မလင်း	**သာစည်**
၃ ဒသမ ၁၅ လက်မ	၂ ဒသမ ၃၁ လက်မ
မြဝတီ	**ပခုက္ကူ**
၃ ဒသမ ၀၇ လက်မ	၂ ဒသမ ၂၁ လက်မ